
စိတ်ကူးချိုချိုအနုပညာ

# စိန်စိန်
# သားလိမ္မာ



တတိယအကြိမ်

mgyoe.com

သားလိမ္မာဝတ္ထု၏
ရည်ရွယ်ချက်မှာ
ငြိမ်းချမ်းရေးနှင့်
ကျေးလက်ပညာရေး
တိုးတက်မှုဖြစ်သည်။
ထိုနှစ်ချက်၏
အပြန်အလှန်အရေးပါပုံ
သဘောကို
စိန်စိန်က ဖော်ကျူးသည်။
ထို့ပြင်
တောနေလူတန်းစားနှင့်
မြို့နေလူတန်းစားတို့၏
အပြန်အလှန်
ဖော်ဆောင်အပ်သော
ဆက်ဆံရေးနှင့်
ထားအပ်သည့်
စေတနာကိုလည်း
ထည့်သွင်းရေးဖွဲ့ထားသည်။
ထိုခေတ်ထိုအခါက
နိုင်ငံရေးအခြေအနေကို
နောက်ခံထား၍
ကောင်းမွန်သောစနစ်
ပြုပြင်ပြောင်းလဲထူထောင်ရေး
လမ်းပြပေးခဲ့သော
ဝတ္ထုလည်းဖြစ်သည်။



mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၉၅.၈၃

သားလိမ္မာ
စိန်စိန်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊
စာမျက်နှာ ၂၁၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) သားလိမ္မာ

mgyoe.com

mgyoe.com

## စကားဦး

ဝတ္ထုရဲ့အသက်ဟာ သရုပ်ဖော်ကောင်းဖို့ပဲ။

ဝတ္ထုဟာ ဝတ္ထုပဲ၊ ဆုံးမစာ မဟုတ်ဘူး၊ ဆောင်းပါး မဟုတ်ဘူး။ ဘယ့်လောက်ပဲ ရည်ရွယ်ချက်ကောင်းပြီး စာပေ ပြောင်မြောက်နေပေမဲ့ သရုပ်ဖော်ညံ့ရင် ဝတ္ထုပီသတယ်လို့ကို မထင်ဘူး။

သရုပ်ဖော်ကောင်းပြီ ဆိုရင်တော့ ဘိန်းစားသာအေး ခွေးဆွဲလို့ ဘေးပြေးသွားတာကိုပဲ မှတ်တမ်းတင်တင်၊ ပဲပြုတ်သည် မိဘုတ် ထဘီစုတ်လို့ တရှုပ်ရှုပ်ငိုရတာကိုပဲ ဇာတ်လမ်းဆင်ဆင်၊ ဖတ်လို့ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်အဖြစ်နဲ့ အသိအမှတ်ပြုနိုင်တာပဲ။

အဲ ... အသက်ဝင်ပြီး လှုပ်ရှားနေသလို၊ သရုပ်ဖော်ကလည်း ပေါ်လွင်ပြတ်သားမယ်၊ သဘာဝကျတဲ့ ဇာတ်လမ်း ဇာတ်ကွက်နဲ့ ထိထိရောက်ရောက် အကျိုးပြုနိုင်တဲ့ ဗဟုသုတ ပညာရပ်များကိုလည်း ပြည့်ပြည့်ဝဝ ထည့်သွင်းနိုင်မယ် ဆိုရင်ဖြင့် ဝတ္ထုထဲက ဝတ္ထုကောင်းတစ်ပုဒ်လို့ ဂုဏ်ပြုရမှာပဲပေါ့။

အထက်ပါ စကားရပ်များမှာ စာရေးသူ၏ နှုတ်ဖျားမှ လွယ်လင့်တကူ ထွက်ပေါ်လာလေ့ရှိသော စကားများပင် ဖြစ်၍ ထိုအမြင်အတိုင်းလည်း သဘောထား ရှိခဲ့ပေသည်။

ကဲ ... ယခုတော့ စာဖတ်ပရိသတ်အနေနှင့် ဤမျှ ဝင့်ကြွားစွာ စကားဆိုခဲ့သူတစ်ဦးက ကလောင်လက်သင်တစ်ဦး အနေနှင့် ခဲယဉ်းပင်ပန်းစွာ စာပေနယ်တွင် လှုပ်လှုပ်ကပ်ကပ် နေရာရှာနေရင်းမှ ဝတ္ထုရှည်ဟု သတ်မှတ်ထားသော စာတစ်ပုဒ်ကို စာပေလောက အလယ်သို့ မဝံ့မရဲနှင့်ပင် တင်ပြလိုက်ပေပြီ။

မည်သို့ပင်ဖြစ်စေ ... ("သားလိမ္မာ" မှာ မိမိကိုယ်တိုင်၏ အသိနှင့်

mgyoe.com

mgyoe.com



ဝတ္ထုပြီသသည် မပီသသည်၊ ဝတ္ထုအမည် ခံထိုက်သည်၊ မခံထိုက်သည် ကိုတော့ အပထား၍) "ကလောင်သစ်များ အတွက်သာ" ဟူသော သီးသန့် အခွင့်အရေးဖြင့် ဝါသနာကို လှုံ့ဆော်ကာ အားပေးအားမြှောက်ပြုခြင်းကြောင့် တစ်သက်နှင့်တစ်ကိုယ်တွင် ဝတ္ထုရှည်တစ်ပုဒ်အနေနှင့် ပွဲဦးထွက် ရေးသားအောင်မြင်လိုက်ခြင်း အတွက်ကိုတော့ "ရှုမဝ" အား ကျေးဇူးတင်လှပါကြောင်းကို သန့်စင်ရိုးသားသော စိတ်ရင်းကောင်းဖြင့် ဖွင့်ထုတ် ဝန်ခံရမည် ဖြစ်ပါသတည်း။

စိန်စိန်

mgyoe.com

mgyoe.com

## ပထမအကြိမ် ထုတ်ဝေသူ၏ အမှာ

၁၃၁၆ ခုနှစ်အတွက် ပွင့်သစ်စ ကလောင်ရှင်များကိုသာ သီးသန့်၍ ပေးသော ရှုမဝ ၁၀၀၀ိ ဆုကို သာယာဝတီမြို့မှ အမျိုးသမီး ကလောင်ရှင် စိန်စိန်က "သားလိမ္မာ" ဝတ္ထုဖြင့် ဆွတ်ခူး၍ သွားပေပြီ။

ယခုနှစ်အဖို့ ရှုမဝ ၁၀၀၀ိ ဆုပေးခြင်းသည် ဒုတိယအကြိမ်မြောက် ဖြစ်၏။ ယမန်နှစ်က ၁၃၁၅ ခုနှစ်အတွက် ရှုမဝ ၁၀၀၀ိ ဆုကိုမူ ကလောင်ရှင် ငွေလင်းက "ဤယမုန်" ဝတ္ထုဖြင့် ရယူ၍သွား၏။ "ဤယမုန်" ဝတ္ထုကို ရွေးချယ်ရသော ယမန်နှစ်က ဆုဝတ္ထု ရွေးချယ်ရေး စာတည်းအဖွဲ့သည် အတော်ကြီးပင် ဦးနှောက်ခြောက်အောင် တွေးတော ဆွေးနွေးခဲ့ရသည့်နည်းတူ ယခုနှစ် ရှုမဝ ၁၀၀၀ိ ဆုအတွက် ဝတ္ထုရွေးချယ်ရာတွင်လည်း များစွာပင် စဉ်းစား ဆွေးနွေးခဲ့ကြရပေသည်။

ဆုဝတ္ထုကို ရွေးချယ်ရာ၌ လက်ဦးဆုံးတွင် ပြိုင်ပွဲဝင် ဝတ္ထုအားလုံး တို့ကို စာတည်းများ ခွဲဝေ၍ ဖတ်ကြသည်။ ပြီးလျှင် စာတည်းအချင်းချင်း ဝတ္ထုများကို ဖလှယ်၍ ဖတ်ကြပြန်သည်။ ဤနည်းဖြင့် စာတည်းတိုင်းပင် ပြိုင်ပွဲဝင် ဝတ္ထုအားလုံးကို အစအဆုံး ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ဖတ်ကြပေသည်။ ထို့နောက် စာတည်းများ၏ ဆွေးနွေးပွဲ ကျင်းပ လျက် ပြိုင်ပွဲဝင် ဝတ္ထုများကို စံချိန်မီသော ဝတ္ထုများနှင့် စံချိန်မမီသော ဝတ္ထုများ ဟူ၍ ၂ စုခွဲသည်။ ဤကား ပဌာမ ရွေးချယ်သော အဆင့်ပင် ဖြစ်၏။ သို့ ၂ စုခွဲရာ၌ ဝတ္ထုတစ်ပုဒ် စံချိန်မီ၊ မမီကို စာတည်းအချင်းချင်း ဆွေးနွေး ဝေဖန်ကြသည်။ ဝေဖန်၍ အားလုံး ကျေနပ်မှပင် ဝတ္ထုကို စံချိန်မီ၊ မမီ ဆုံးဖြတ်ကြလေသည်။

mgyoe.com

mgyoe.com


ပြိုင်ပွဲဝင်ဝတ္ထုများကို ၂ စုခွဲပြီးနောက် စံချိန်မီသော ဝတ္ထုများကိုချည်းကွက်၍ စဉ်းစား ဆွေးနွေးကြပြန်သည်။ စာတည်း အသီးသီးတို့က ဝတ္ထုများကို ပထမ၊ ဒုတိယ စသဖြင့် အတန်းအစား ခွဲခြားကြပြန်သည်။ ထိုသို့ အတန်းအစား ခွဲခြားလိုက်သောအခါ၌ အကောင်းဆုံးဟု စာတည်းအများစုက ယူဆသော ဝတ္ထုသုံးပုဒ်သာ ကျန်လေတော့သည်။

ထိုဝတ္ထုသုံးပုဒ်တို့ကို စာတည်းများ အသီးသီး ပြန်လည် ဖတ်ရှုကြပြန်သည်။ ဝတ္ထုတိုင်းကို လုံးစေ့ပတ်စေ့ဖတ်ပြီး မှတ်ချက်များ ရေးသည်။ ကောက်နုတ်ချက်များ ထုတ်ယူသည်။ ဝေဖန်ချက်များကိုလည်း ရေးသားကြသည်။ ထို့နောက်တွင်မှ စာတည်းများ၏ ဆွေးနွေးပွဲကို ထပ်မံ ကျင်းပပြန်ကာ ရှမဝ ၁၀၀၀ိ ဆုကိုပေးရန် အကောင်းဆုံးဝတ္ထုကို ဆွေးနွေး ရွေးချယ်ကြပြန်ပေသည်။ ဤနည်းဖြင့် ရွေးချယ်ရာ၌ စာတည်းအဖွဲ့က စိန်စိန်ရေး "သားလိမ္မာ" ဝတ္ထုကို အကောင်းဆုံးဝတ္ထု ဟူ၍ ရွေးချယ်လိုက်ကြပေသည်။

"သားလိမ္မာ" ဝတ္ထုတွင် စိန်စိန်သည် တောနှင့်မြို့ ရှုကွက်များကို သဘာဝကျစွာ ရေးသားထား၏။ ဇာတ်လမ်း ဇာတ်ကွက်များ တွေ့ပုံ၊ ချိတ်ပုံ၊ ဖွင့်ပုံ၊ ပိတ်ပုံများမှာလည်း ရေးသားရပြီး စာရေးဆရာများနှင့်မခြား ရေးသားနိုင်စွမ်း ရှိသည်ကို တွေ့ရ၏။ အရေးအသားတွင် စိန်စိန်သည် လန်းဆတ်ဖျတ်လတ်သော စကားလုံးများကို နေရာအံကျ သုံးစွဲထားသဖြင့် စာပေပြောင်မြောက်မှုမှာလည်း ဝတ္ထုတစ်ပုဒ်လုံး၌ပင် ထင်ရှားပေါ်လွင်လျက် ရှိနေပေသည်။ ဝတ္ထုထဲတွင် နိုင်ငံ၏အကျိုးကို ဥပနာ၍ ထားရာ၌ စိန်စိန်သည် ဇာတ်အိမ်ကို မထိခိုက်စေဘဲ အလိုက်သင့် အလျားသင့် ဥပနာ၍ ထားပေရာ၊ ဝတ္ထုမှာ သရုပ်ပို၍ ပေါ်၏။ စာဖတ်သူတို့အား ဝတ္ထုအဆုံးအထိ ဆွဲဆောင်၍ သွားနိုင်သော အရည်အချင်းနှင့်လည်း ပြည့်ဝနေပေသည်။

သားလိမ္မာ ဝတ္ထု၏ မူရင်းရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးနှင့် ကျေးလက်ပညာရေး တိုးတက်မှုပင် ဖြစ်သည်။ ငြိမ်းချမ်းရေးရှိမှ ကျေးလက်ပညာရေး တိုးတက်မှု ရှိနိုင်လျက်၊ ကျေးလက်ပညာရေး ကောင်းမွန်ပါမှလည်း ငြိမ်းချမ်းရေးကို ရနိုင်သော အခွင့်အရေး ပိုမို များပြားလာမည် ဟူသော အချက်ကို သားလိမ္မာ ဝတ္ထုက တင်ပြထားပေသည်။

တစ်ဖန် ... သားလိမ္မာ ဝတ္ထု၏ အခြားရည်ရွယ်ချက် တစ်ရပ်မှာကား – တောနေလူထုနှင့် မြို့နေလူထုတို့၏ ဆက်ဆံရေးပင် ဖြစ်သည်။ တောနေ

mgyoe.com

mgyoe.com



လူထုသည် ရိုးသားဖြူစင်သော စေတနာ ရှိကြသည်။ မြို့နေလူထုသည် တောနေလူထုအပေါ်၌ အလားတူ ဖြူစင်သော စေတနာကို ထားအပ်သည် ဟူသော အချက်ကိုလည်း သားလိမ္မာဝတ္ထု၌ တွေ့ရပြန်ပေသည်။

အချုပ်ဆိုရလျှင် သားလိမ္မာဝတ္ထုသည် လက်ရှိနိုင်ငံ၏ အခြေအနေကို မှတ်တမ်းတင်၍ထားသော ဝတ္ထုကောင်း တစ်ပုဒ်ဟု ဆိုရပေမည်။ ထိုမျှ မကသေး၊ လက်ရှိ နိုင်ငံ၏ အခြေအနေကို ပိုမို ကောင်းမွန်လာအောင် ပြုပြင် နိုင်သော နည်းလမ်းအချို့ကိုလည်း အကြံပေး၍ထားသော ဝတ္ထုကောင်း တစ်ပုဒ် ဟူ၍လည်း ဆိုနိုင်ပေကြောင်း။

ထုတ်ဝေသူ
ရှမဝ စာအုပ်တိုက်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း ( ၁ )

(အမွေပြတ်ကြော်ငြာ)

ရန်ကုန်မြို့ ဟယ်လ်ပင်လမ်း မင်းကတော် ဒေါ်သိန်းရှင်၏ တစ်ဦးတည်းသောသား မောင်တင်အောင်(အောင်)သည် မိဘစကားကို နားမထောင်၊ ပစ္စည်းများ သုံးဖြုန်း၍ အမျိုး၏ ဂုဏ်သရေကို ပျက်စီးအောင် ပြုမူနေသဖြင့် ယနေ့မှစ၍ အမိ ဒေါ်သိန်းရှင်၏ အမွေဟူသမျှမှ ပြတ်စဲပြီး ဖြစ်ကြောင်း။

(ပုံ) မင်းကတော် ဒေါ်သိန်းရှင်

မြေနီကုန်းလမ်းရှိ တိုက်ခံအိမ်တစ်လုံး၏ အပေါ်ထပ် ဧည့်ခန်းတွင် ခေါင်းတုံးဆံတောက်နှင့် ဝဖိုင့်ဖိုင့် အသက် ၅၀ ကျော် လူတစ်ယောက်သည် သတင်းစာထဲမှ ထိုအမွေပြတ်ကြော်ငြာကို ဖတ်ပြီးလျှင် ခေါင်းကို ဖြည်းလေးညင်သာစွာ ညိတ်ရင်း "မောင်စိန်ရေ ... ခဏ" ဟု လှမ်းခေါ်လိုက်လေသည်။ မောင်စိန်သည် မီးဖိုထဲမှ "ဟုတ်ကဲ့၊ လာပါပြီ ဦးလေးဖေ" ဟု ပြောပြီး ခပ်မြန်မြန်ကလေး ထွက်လာကာ ဦးလေးဖေ အနီးတွင် ရပ်လျက် စောင့်နေလေသည်။

ဦးလေးဖေသည် မျက်မှန်ကိုချွတ်၍ သတင်းစာပေါ်တွင် တင်လိုက်သည်။ ထိုနောက် မောင်စိန်ကို ခဏမျှ လှည့်ကြည့်ကာ စဉ်းစားနေပြန်သည်။ အတန်ကြာမှ ညင်သာစွာ ခေါင်းညိတ်ပြီး "တင်အောင်ကို လိုက်ရှာစမ်း ... ခုအချိန်ဆိုရင် 'အဝိန်' တို့ ဘိလိယက်ခုံမှာ ရှိလိမ့်မယ်ထင်တယ်။ မရှိလည်း ရှာလေကွာ၊ ငါက ခေါ်တယ်လို့ ဟုတ်လား။ အေး သွားတော့၊ ကားလည်း ဓာတ်ဆီထည့်ပြီးသား မဟုတ်လား"

mgyoe.com

mgyoe.com


"ဟုတ်ပါတယ်"

မောင်စိန် ထွက်သွားလေသည်။ နောက် သတင်းစာကို ပြန်ဖတ်ပြန်သည်။ ခေါင်းကို တဆတ်ဆတ်ညိတ်၍ တွေဝေ စဉ်းစားနေပြီးမှ ညှော်ခန်းထဲတွင် သတင်းစာကို ကိုင်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။ ကားသံကြားတိုင်း လမ်းဘက်သို့ လှမ်း၍ ကြည့်လိုက်ပြန်သည်။ အတော်ကလေး ညောင်းလာမှ "မသောင်း ... ခြံထဲမှာ ကုလားထိုင် ချစမ်းဟေ့" ဟု အတွင်းခန်းဘက်သို့ လှမ်း၍ပြောလိုက်သည်။ "ဟုတ်ကဲ့ ဦးလေးဖေ" ဟု ပြန်ပြောသံကြားမှ လက်ထဲက သတင်းစာကို စားပွဲပေါ်တင်ပြီး မျက်မှန်ကို ကောက်၍ တပ်လိုက်သည်။ ပြီးမှ သတင်းစာကို ယူ၍ လှေကားထိပ်မှ လေယာဉ်ပျံဖိနပ် နက်ပြာရောင်ကိုစီးပြီး လှေကားမှ ခပ်ဖြည်းဖြည်း ဆင်းသွားလေသည်။

✧ ✧ ✧ ✧

ဦးလေးဖေခေါ် ဦးသိန်းဖေမှာ တင်အောင့်မိခင် ဒေါ်သိန်းရှင်၏ မောင်အငယ်ဖြစ်လေသည်။ သူတို့နှစ်ဦးပိုင် "ဖေသိန်း" ကုမ္ပဏီတွင် သူ့သား ၂ ယောက်က ဦးစီးလုပ်ကိုင်နေသဖြင့် တစ်ခါတစ်ရံလောက်တွင်သာ သူ ကုမ္ပဏီသို့ သွားတတ်လေသည်။ သားနှစ်ယောက်စလုံးပင် စီးပွားရေးဘက်၌ စိတ်ဝင်စားစွာ ကြိုးစားကြသည်ကို ဦးသိန်းဖေမှာ ဝမ်းသာစွာဖြင့် သားများအတွက် ဂုဏ်ယူခဲ့သည်။

သူ့ဇနီးကား အငယ်ဆုံး သမီးပျိုကလေး ဆုံးပါးသွားသည့်နောက် စိတ်မငြိမ်မသက် ဖြစ်ရာမှ တဖြည်းဖြည်းနှင့် စိတ်နောက်သွားကာ အစားမမှန်၊ အအိပ်မမှန် ဖြစ်လာပြီး တစ်ခါတစ်ရံ လူအလစ်တွင် စိတ်ထင်ရာသို့ ထွက်ပြေးတတ်သောကြောင့် ဦးလေးဖေတွင် ဇနီးသည်အား စောင့်ရှောက်ရင်းနှင့်ပင် အိမ်မှာနေ၍ သား ၂ ယောက်ကို ကုမ္ပဏီတွင် လွှဲထားလိုက်ရသည်။

သူ့တူ တင်အောင်အား သူ့သားနှစ်ယောက်ကို စံပြုကာ လိမ္မာရေးခြားဖြစ်ဖို့ ဆုံးမသည်။ ကုမ္ပဏီတွင် အလုပ်သွင်းပေးခဲ့သည်။ သို့သော် တင်အောင်က အလုပ်တွင် ဝါသနာမပါ။ ဘီလီယက်ခုံ၊ ဟိုတယ်၊ ရုပ်ရှင်၊ ပြဇာတ်၊ ပြေးပွဲ ခုန်ပွဲ၊ ပျော်ပွဲရွှင်ပွဲတို့တွင်သာ အချိန်ဖြုန်း၍ နေလေသည်။ သား

mgyoe.com

mgyoe.com

အတွက် အစ်မကြီးမှာ စိတ်အတော်ထိခိုက်သည်။ "ဘယ်တော့များမှ လိမ္မာပါ့မလဲ" ဟု တစ်ခါက ညည်းဖူးသည်။ သားဆိုးတစ်ယောက်ရဲ့ အဆိုးအတေကို မိခင်လုပ်သူမှာ တပေပေ ခံခဲ့ရပြီ။

တင်အောင့်အဖေ ပညာဝန်ထောက် ဦးကျော် ဂျပန် အုပ်စိုးစဉ်က သေဆုံးသွားသည်။ သို့သော် ကံအားလျော်စွာ ရန်ကုန်တွင် သူတို့ပိုင် တိုက်သုံးလုံးမှာ မပျက်မစီး ကျန်ခဲ့သည်။ ဒေါ်သိန်းရှင် စုဆောင်း၍ ထားရှိသောငွေကို မောင်နှမ ၂ ဦးစပ် ကုမ္ပဏီဖွင့်၍ လခအတော်ကောင်းသော တိုက် ၂ လုံးကို အငှားထားပြီးလျှင် တင်အောင်ကို ကျောင်းထားခဲ့သည်။ တင်အောင်မှာ ပညာသင်သည့်အခါ ကြိုးကြိုးစားစား သင်သည်။ အခြား စာပေ ဗဟုသုတကို လေ့လာသည်။ ကာယဗလ အတော်အတန် လိုက်စားသည်။ ဒေါ်သိန်းရှင်မှာ သားတစ်ယောက်အတွက် အတော်အားတက်၍ ပျော်ရွှင်ခဲ့သည်။ အောင် ... သားလေး ... ကိုအောင်နှင့် တအောင်တည်း အောင်ကာ၊ ပီတိတွေဝေဖြာပြီး တင်အောင်ကို မိခင်စိတ်နှင့် မျိုမတတ် ချစ်သည်။

ကောလိပ်သို့ ရောက်သည့်နှစ်တွင် တင်အောင် ၂၁ နှစ်ရှိ၍ လူပျိုကြီးဖားဖား ဖြစ်နေပြီ။ အပေါင်းအသင်း မိတ်သင်္ဂဟများ၍ အပျော်အပါးဘက်သို့ ရေလိုက်မှားသွားသည်။ ပညာကိုလည်း မကြိုးစား၊ အသုံးအဖြုန်းကြီး၍လာသည်။ မိခင်ကို ငွေခဏခဏ တောင်းတတ်သည်။ ကျောင်းချိန်မမှန်အောင် အလည်လွန်လာသည်။ တစ်ခါတစ်ရံ သုံးလေးရက် အိမ်မပြန်ဘဲ နေတတ်သည်။

"ကိုအောင် ... မင်း ခြေလှမ်းမှားပြီထင်တယ် သားရယ်၊ အရင်ကနဲ့ မတူဘူး၊ အိမ်မကပ် ရာမကပ် ဖြစ်အောင် အလည်လွန်တာ ဆင်ခြင်ပါ သားရယ် ... မေမေ စိတ်မချလို့" ဟု ပြောလိုက်သည့်အခါ–

"သူငယ်ချင်းတစ်ယောက်က အလည်ခေါ်သွားလို့ ပဲခူးကို ရောက်သွားတယ်။ ဘုရားတွေ လိုက်ဖူးလိုက်တာ စုံလို့၊ သိပ်ပျော်တာပဲ မေမေရဲ့" ဟု ချိုပြုံးသော မျက်နှာနှင့် အားရပါးရ ပြန်ပြောလိုက်လျှင် သားမျက်နှာကို စူးစူးစားစားကြီး စိုက်ကြည့်ရင်း ငြိုငြင်စိတ်တွေ ပျောက်၍သွားကာ "မေမေက စိတ်ပူလို့ ပြောတာပါ သားရယ် ..." ဟု သားကို နှစ်သိမ့်လိုက်လေသည်။

"မေမေ ကျွန်တော် ပိုက်ဆံနည်းနည်း ယူတယ်နော်၊ သုံးစရာကလေး ရှိလို့ ..." ဟု ပြောပြီး ထွက်သွားပြန်လျှင် သားကို ငေးကြည့်ရင်း "ပိုက်ဆံ

mgyoe.com

mgyoe.com

လည်း သုံးတတ်လာပြီ။ အရင်ကလို မဟုတ်ဘူး" ဟု ထင်လိုက်မိသည်။ "အပေါင်းအသင်းနဲ့ဆိုတော့ သူ့နေရာနဲ့သူ သုံးရဦးမှာပေါ့လေ။ လူပျိုကလေး လည်း ဖြစ်လာပြီဟာပဲ၊ သုံးပါစေ ... သုံးပါစေ ... သူတစ်ယောက်ပဲ သုံးမယ့်လူရှိတာ၊ ငါ့သားကလေး အဖေလည်း မရှိရှာဘူး ..." ဟု သူ့စိတ်ကို သူ့အဖြေ၊ သူ့အတွေးနှင့်ပင် ဖျောက်ဖျက်ပစ်လိုက်ကာ၊ သားအပေါ်တွင် ကရုဏာ မေတ္တာတွေ တိုး၍နေလေသည်။

တစ်နေ့တစ်နေ့နှင့် ရက်မှ လသို့၊ လမှ နှစ်သို့ ကူးပြောင်းကာ အချိန်တွေ ကုန်လွန်ခဲ့လေသည်။ ဒေါ်သိန်းရှင်လည်း သားကို အရိပ်တကြည့်ကြည့်နှင့် နေခဲ့သည်မှာ တစ်နှစ်မြောက်ခဲ့ပြီ။ သား၏အလိုကို ဆန့်ကျင်ဘက် မပြုဘဲ လိုက်လျော၍သာ နေခဲ့သည်။ သူ့စိတ်တွင် အားရကျေနပ်ဖွယ် မတွေ့ခဲ့ရ။ ၁၉၅၀ ခု နှစ်ဦးတွင် ငွေသုံးထောင် ပျောက်သည်။ သားလေး စာရိတ္တတွေ ပျက်ကုန်ပြီ ထင်ပါရဲ့ဟု ငွေသုံးထောင်ထက် သားကလေး စိတ်ဓာတ်ပျက်မှု အတွက် ပူပင်မိရာ နေမထိထိုင်မထိ ဖြစ်လိုက်သည်ဟု သူ့နေ့စဉ်မှတ်တမ်း မှာ ရေးခဲ့သည်။

"ငွေ သုံးထောင် မင်းသုံးသလား ..." ဟု သားကလေးကို မေးလိုက်လျှင် သားကလေး မျက်နှာငယ်ငယ်နှင့် ဝမ်းနည်းရှာတော့မည်။ သုံးပြီးသား ငွေမို့ မေးလည်း သားကလေး စိတ်မကောင်းရုံပဲ။ သူ ပေးမယ့် အဖြေက ရေရေရာရာ ဟုတ်မှာ မဟုတ်ပါဘူး ဟု မေးရမှာကိုပင် ရင်ထဲတွင်နှင့်အောင် စိတ်မချမ်းမသာ ဖြစ်ရမည်ကို အတွေးနှင့်ပင် နှလုံးသွေးခုန်လာ၍ မမေးဘဲ မျိုသိပ်ကာ သားကိုသာ တစေ့တစောင်း အကဲခတ်နေသည်။

အတွင်း အပြင် ပစ္စည်း ဟူသရွေ့ တင်အောင် အကုန်သိသည်။ အကယ်၍ ပစ္စည်းကို ပစ္စည်း မမှတ် ဟော့ဟော့ရမ်းရမ်း သုံးဖြုန်းပစ်မည် ဆိုပါက အလွယ်ကလေးနှင့် ဖြစ်နိုင်သည်။ ထိုသို့ကားမဟုတ်၊ ငွေ သုံးထောင် ကို မသုံးမဖြစ်၍သာ သုံးလိုက်သည် ထင်သည်။ သုံးပါစေလေ သုံးပါစေ ... ဘာအတွက် သုံးရတယ် ဆိုတာရယ်၊ မေမေ မသိအောင် ယူတာရယ်၊ ငွေသုံးထောင် ကုန်လောက်အောင် ဖြစ်ပေါ်ရတဲ့ ကိစ္စရယ်၊ ဒါတွေကို မသိရ၍ သာ အောင့်သက်သက် ဖြစ်နေသည်။

တင်အောင်အတွက် စိတ်ပူပင်စ ပြုရပြီ။ ညအိပ်ရာဝင်လည်း ဒီစိတ်၊ ထမင်းစားလည်း ဒီစိတ်။ သားလေး၏ နောင်ရေးကို တွေးရသည်မှာ ထမင်း

mgyoe.com

mgyoe.com

ဘယ်လို အရသာရှိလိုက်သည် မသိ၊ ဝမ်းပြည့်မှပင် သတိရကာ ထမင်းပွဲမှ ထရတော့သည်။ စာမေးပွဲကလည်း ရှုံးသွားသည်။ စာမတော်၍ ရှုံးသည်ကို ဝမ်းမနည်း၊ စာမတော်အောင် ဖြစ်နေသည့် စိတ်ဓာတ် ပျက်ပြားမှုကိုသာ စိုးရိမ်နေသည်။ သား စိတ်တွေ လေလွင့်ကုန်ပြီ ထင်ပါရဲ့ ...။

## အခန်း ( ၂ )

ယခုနှစ်တွင် သား ... သား ... ကိုအောင် ကျောင်းတက်တဲ့ မော်တော်ဆိုင်ကယ်ကို ရောင်းပြီး သုံးလိုက်ပြန်ပြီ။ မိခင် အသည်းမှာ ဒဏ်ရာတစ်ချက် ထိပြန်ပေါ့ကွယ်။ မဖွယ်မရာ မင်း လုပ်လိုက်တဲ့ကိစ္စက လူကြားလို့မှ တော်ပါဦးမလား၊ အင်မတန် ရမ်းကားတဲ့ တေလေ ကြမ်းပိုးကလေးလို့ လူတကာက ထင်ကုန်ကြပြီ။ သားလေး ဒါတွေကိုတွေးပြီး မရှက်ရှာ့သလား။ မေမေ မင်းရဲ့ တည်ကြည်တဲ့ စိတ်နှလုံးကလေးမှာ အကျင့်ဆိုးတွေ ဝင်လာပြီး ပျက်စီးမှာ စိုးလှတယ် သားရယ်။ မင်း ဖေဖေသာရှိရင် သားကလေး ဒီလို စိတ်တွေ မဖြစ်အောင် သွန်သင်ဆုံးမမှာပဲ ထင်ရဲ့နော်။ မေမေမှာတော့ အားကိုးရာမဲ့တဲ့ မိန်းမသားမို့ သားလေးရဲ့ စိတ်ဓာတ် ကောင်းမွန်ရေးကို လက်တွေ့ မတားဆီးနိုင်လို့ မေမေရဲ့ ဖြူစင်တဲ့ မေတ္တာစိတ်ကိုသာ သား အပေါ်မှာ လွှမ်းခြုံပြီး သားလေးရဲ့ စိတ်ဓာတ်ကို မေမေ ပြုပြင်ခဲ့ရတယ်။ သားလေးက မထိမဲ့မြင် ပြုရက်တယ်နော်၊ သား ... သား။

ဒေါ်သိန်းရှင်မှာ ဤလို အတွေးတွေကိုသာ တွေး၍ ငေးခဲ့ရသည်။ သူ့သားကိုတော့ သူ ငေါက်ငေါက်ငမ်းငမ်း မပြောရက်။

"ဆိုင်ကယ်ကို လူကလေး မစီးချင်တော့လို့ ရောင်းလိုက်သလား" ဟု မျက်နှာကို ချိုချိုထား၍ မေးလိုက်သည်။

"မရှိတော့လည်း မစီးဘူးပေါ့ မေမေရယ် ... အသုံးလိုတာနဲ့ ရောင်းလိုက်တာပါ"

ခပ်ရိုးရိုးကလေး ပြောပြီး သူ ဒီလို ပြုမူလိုက်သည့်အတွက် စိတ်မကောင်းပုံ မျက်နှာသေကလေးနှင့် ခေါင်းကလေးငုံ့ကာ တစ်လှမ်းချင်း လှမ်းပြီး အိမ်ခန်းထဲသို့ ဝင်သွားသော တင်အောင်ကို မြင်ရပြန်တော့လည်း နောက်မှကြည့်ရင်းသာ သက်ပြင်းတစ်ချက် ချလိုက်မိတော့သည်။ လူကလေး

mgyoe.com

mgyoe.com


ဘာများ အသုံးလိုပါလိမ့်၊ ငွေတောင်းရမှာ မအေကို အားနာတယ် ထင်ပါရဲ့။ ဩော် ... ဖြစ်မှ ဖြစ်ရလေ သားရယ်၊ မင်း ဒီလိုလုပ်တော့ သားရော မေမေရော ဂုဏ်ရှိပါဦးမလား။ မင်း တစ်နေ့ထက်တစ်နေ့ ဆိုးလာပြီနော်။ ဒီလိုသာ သူ တွေးသည်။ သားကိုတော့ ဖွင့်ဟပြီး မမာန်ရက်ဘဲ ရှိလေသည်။

ကုမ္ပဏီကို သူ့မောင် ဦးသိန်းဖေ အုပ်ချုပ်၍ အမြတ်ငွေကို တစ်ဝက် ပေးသည်။ လင်သားမရှိ မုဆိုးမမို့ ဒီက ရမှ ဒီလို စားနိုင်မည်ကိုသာ သူ့မောင်က သိ၍ စေတနာသက်သက်နှင့် လုပ်ပေးခဲ့သည်။ သူ ဘာမှ ဝင်၍ မလုပ်ရ၊ မကြောင့်ကြရ။ သားကလေးကလည်း အခုတော့ သုံးဖြုန်းလာပြီ။ သူ့မောင်က သူ့ကို သက်ညှာစွာ ပေးအပ်ခဲ့သည့်ငွေကို သားကလေးက ရိုးရိုးမစားဘဲ ဖြုန်းတီးနေသည့်အတွက် သူ့မောင်ကို သူ အားနာမိသည်။

"မောင်လေးရေ ... မမတော့ သားဆိုးကို မွေးမိပကောကွယ်" ဟု ခပ်ညည်းညည်းကလေး ပြောမိသည့်အခါ "ကုသိုလ်ပေါ့ မမရယ်၊ လိမ္မာဖို့ကို သွန်သင်ဆုံးမလို့မှ မရလည်း မိဘဝတ္တရား ကျေပြီပေါ့" ဟု သူ့မောင်က သူ့ကိုပင် သနားကရုဏာနှင့် ပြောရှာသည်။ ကုမ္ပဏီမှ အမြတ်ငွေ တစ်ဝက်ကိုလည်း မှန်မှန်ပင် ပေးနေသည်။

ဘုရား ... ဘုရား ... ဒီတစ်ခါတော့ စိန်လက်စွပ် စိန်လက်စွပ်၊ ဒေါ်သိန်းရှင်ကို သူ့ယောကျ်ားက သားဦးကလေး မွေးဖွားပြီးသည့်အချိန်မှာ အမြတ်တနိုး သတိတရ လုပ်ပေးခဲ့သော သူ့ယောကျ်ား အဘွားရဲ့အမွေ စိန်ကို ခြယ်ကွင်းလုပ်၍ သူကိုယ်တိုင် ဒေါ်သိန်းရှင် လက်သူကြွယ်ကလေးကို ယုယုယယ ပြုံးပြုံးရွှင်ရွှင်နှင့် ချစ်စနိုး ဝတ်ပေးခဲ့တဲ့ လက်စွပ်၊ သားဦးကလေးမွေးတဲ့ မိန်းမမြတ်မို့ သူ အမြတ်တနိုး ဝတ်ဆင်ပေးတာကို တစ်သက်လုံး မမေ့နဲ့နော်ဟု ခဏခဏ ပြောဖူးသည့် သူ့ယောကျ်ားကို အားကြီး သတိရလိုက်မိသည်။

သား ... သား ... မင်း မေမေ့ကို နှိပ်စက်ပြီ၊ ဒီတစ်ခါ မေမေ့အသည်းကို အစိတ်စိတ် ကွဲကုန်အောင် မင်း နှိပ်စက်ပြီ။ သားလေးကို ချစ်လွန်းလို့ မေမေ အလိုလိုက်ပြီး သုံးဖြုန်းတာတွေကို သည်းခံခဲ့တယ်။ မေမေ သည်းခံသလောက် သား မလိမ္မာဘူးဟု စိတ်ထဲမှ ရေရွတ်ရင်း မျက်ရည်များ တလိမ့်လိမ့် ကျမိလေသည်။

မီးခံသေတ္တာထဲမှ စိန်ထည်များကို သူ့မောင်က စစ်ဆေးကြည့်ရန်

mgyoe.com

mgyoe.com

ခိုင်းသဖြင့် သူ ကြည့်မိသည်။ ဒီလက်စွပ်ကို ကိုအောင် တစ်နည်းနည်းနှင့် သုံးပစ်သည်ကို သူ့မောင် ဇေကန် ကြားသိရလို့သာ သူ့ကို အစစ်ခိုင်းတာ ဖြစ်မှာပဲဟု တွေးမိလိုက်သည်။ ခေတ်ကာလကလည်း မကောင်း၊ သူ့ခင်ပွန်း ဆုံးပါး၍ သားကလေးက ဆိုးတေနေသဖြင့် ဝတ်ဆင်လိုစိတ် မရှိဘဲ သိမ်းဆည်းထားခဲ့သော လက်စွပ်ကို ယခုမှသာ ပျောက်ဆုံးနေမှန်း သိရသည်။

"ရက်စက်တဲ့ သားရယ် … ရတီ ၂၀ ရှိတဲ့ ဟောဒီ လက်ကောက်တစ်ရန်ထက် မင်းယူတဲ့ လက်စွပ်ကို မေမေ နှမြောဆုံးပဲကွယ့်၊ ကိုကျော်ရေ … ကျွန်မ ကုသိုလ်ဆိုးတယ် ကိုကျော်ရဲ့" ဟု ဟစ်အော်၍ ပြောလိုက်ချင်သလောက် ဝမ်းနည်းပက်လက် ဖြစ်သွားပြီး၊ မီးခံသေတ္တာရှေ့တွင် တရှုပ်ရှုပ်ငိုရင်း စိန်ထည်ကလေးတွေကို တစ်ခုပြီးတစ်ခု ကိုင်ကြည့်နေသည်။

"ဒီဘယက်က သားဦးလေး သေပြီးမှ ကိုကျော်နဲ့ ရန်ကုန်လာရင်း ဝယ်တာ၊ ဒီစိန်ကြိုးက မေမေ ပေးလိုက်တာ၊ ဒီလက်ကောက်ကတော့ ကိုယ့်ဟာကိုယ် ကြိုက်တာနဲ့ ပြည်မြို့ကို ပြောင်းတဲ့နှစ်မှာ လုပ်တာ" သူ့စိန်ထည်ကလေးတွေကို တစ်ခုပြီးတစ်ခု ကြည့်ရင်း တွေးမိသည်။ သူ့သားအကြောင်း ခဏ မေ့သွား၍ မျက်ရည်အကျ ရပ်သွားသည်။ သူ ဘာအဓိပ္ပာယ်နှင့် ဒီ စိန်ထည်တွေကို ကြည့်ပြီး အတွေးရေယဉ်ကြောမှာ မျောနေသည်ကို သူ့ကိုယ်သူ မတွေးမိ …။

"မမတစ်ယောက် ဘယ်မှာလဲ"

ဧည့်ခန်းဆီမှ အသံကြားလိုက်မှ လန့်သလိုဖြစ်ပြီး ပစ္စည်းများကို သေတ္တာကလေးထဲ စုဆောင်းထည့်၍ မီးခံသေတ္တာကို သော့ခတ်လိုက်လေသည်။

"ဩော် … မောင်လေးလား၊ ရောက်နေတာ ဘယ်လောက်ကြာပလဲ"

ဆိုဖာပေါ်တွင် ခပ်မှိုမှိုထိုင်နေသော သူ့မောင်လေးကို တွေ့ရသည်။ ဦးသိန်းဖေက သူ့အစ်မ အမေးကို မဖြေ၊ သူ ပြောချင်ရာသာ ပြန်ပြောလိုက်သည်။

"မပြောလည်း မပြီးဘူး မမ၊ စိတ်မကောင်းစရာကတော့ ဖြစ်နေပြီ"

ဒေါ်သိန်းရှင်သည် သူ့မောင်နှင့် ဘေးချင်းယှဉ်ကာ ထိုင်လိုက်ရင်း မျက်လွှာကို အထက်သို့ပင့်တင်ကာ မျက်လုံးကလေး ပြူးပြူးနှင့် အထိတ်တလန့် ကြည့်လိုက်သည်။ သူ့တွင် အလွန်အမင်း စိတ်မချမ်းသာစရာ တွေ့

mgyoe.com

လိုက်လျှင် ကြက်သေသေ၍ ကြောင်ပြီး ကြည့်နေတတ်သည်။ စိတ်ထိခိုက်လွန်းလျှင် တုန်ယင်ပြီး ဘာမှမပြောတတ်၊ အသိဉာဏ်မရှိတော့ပေ။ ဦးသိန်းဖေက သူ့အစ်မကို ကြင်နာစွာ ကြည့်နေသည်။

"မမလည်း တရားနဲ့ဖြေပေါ့၊ ကိုယ် နောက်ဘဝက မကောင်းခဲ့လို့ အခု မကောင်းတာ တွေ့ရတာပဲလို့သာ ဖြေပေတော့၊ စိန်လက်စွပ်ကတော့ အစ ပျောက်ပါပြီ။ ဘယ့်နှယ် မမရယ်၊ ၄၉ ခုနှစ် အင်းစိန် ကရင်သူပုန် အရေးတွေ မပေါ်မီကတည်းက ရောင်းလိုက်တာ ဆိုတော့ ဒီကြားထဲမှာ အပြောင်းအလွဲတွေနဲ့ အလိုက်ရ သိပ်ခက်သွားတာပေါ့။ ကိုကိုကြီးကတော့ သတင်းအစ ရခဲ့ပါရဲ့၊ အဲဒီ အစကအဆုံးဖြစ်နေလို့ သာခက်တာ။ အဲဒီ လက်စွပ်ကို ဝယ်လိုက်တဲ့ စိန်ဘာဘူက ပေါင်းတည်ဘက်မှာ လူပြန်ပေး အသတ်ခံရလို့ သေသွားပြီဆိုပဲ"

ဒေါ်သိန်းရှင်ကား ကြောင်စီစီတွေ၍ ကြည့်နေရုံမှတစ်ပါး ဘာမှ မပြောတတ်တော့ပေ။ ဦးသိန်းဖေက မပြောရက်သလို တံတွေးကို မျိုချကာ ခေတ္တမျှ ဆိုင်းငံ့နေပြီးမှ အားတုံ့အားနာ အမူအရာနှင့် စကားကို ဖြည်းဖြည်းလေးလေး ဆက်ပြန်သည်။

"မမသားဟာ အခုလည်း ဆိုင်ကယ်ကိုရောင်းပြီး ဘာလုပ်လိုက်တာမှတ်သလဲ၊ ဟိုတယ်က ကောင်မကလေးကို ပေးလိုက်တာတဲ့ဗျာ။ အဲဒါလည်း ကိုကိုကြီးက စုံစမ်းပေးလို့ သိရတာပဲ။ အဲဒီတော့ ဒီတိုင်း ကြည့်နေလို့တော့ မဖြစ်တော့ဘူး မမ။ သူ့ကို ဒါလောက် အလိုလိုက်ပြီး မငြိုမငြင်ထားတဲ့ ကြားထဲက ငွေကို ကြိုက်သလို ယူသုံးရုံတင် မကဘဲ ဒီလို ပစ္စည်း ထုထည်တွေကို ထုခွဲပစ်တဲ့ထိ ကဲတက်လာတာတော့ လွန်လွန်းနေပြီ။ ကြာရင် မမမှာ ရှိတဲ့ပစ္စည်းတွေ အကုန်ဖြုန်းပစ်လိမ့်မယ်။ စိန်လက်စွပ်ကို ရောင်းရတဲ့ အထိ ဘယ်လို အသုံးလိုရတယ် ဆိုတာလည်း စဉ်းစားလို့ မရပါဘူး။ နောက်ပြီး လူကြီးမိဘ မသိအောင်ယူပြီး ဘာမှ မဖြစ်သလို ပိပိရိရိ နေနိုင်လိုက်ပုံကိုလည်း ကြည့်ဦး။ ဒီကောင်ကို တစ်နည်းနည်းနဲ့ ဆုံးမပေးတော့မှ ဖြစ်တော့မှာ။ မမ ဘယ်လို သဘောရသလဲ"

သူ့အစ်မဘက်သို့ မေးတစ်ချက်ထိုးကာ မေးလိုက်သည်။ ဒေါ်သိန်းရှင်ကား သူ့မောင် ရင်ဘတ်ဆီကိုသာ အကြောင်းမရှိ စူးစိုက်ကြည့်နေသည်။ ဘာတစ်ခွန်းမှ စကားပြောဖော်မရ၊ ရင်တွေ တလှုပ်လှုပ် ခုန်နေသည်။

mgyoe.com

mgyoe.com

နှုတ်ခမ်းများလည်း တလှုပ်လှုပ်နှင့် စိတ်တွင် ထိခိုက်လွန်း၍ မျက်နှာ ကြောင်တောင်တောင်ပင် ဖြစ်နေသည်။

သူ့အစ်မကိုကြည့်ကာ ခေါင်းကို လေးလေးကြီး ယမ်းလျက် "ကဲ ... ကဲ ... မမ အိပ်ရာထဲသာ လှဲနေတော့၊ ကျွန်တော် ကြည့်ဆုံးမလိုက်မယ် ... ထ ထ" ဟု ဦးသိန်းဖေက လက်မောင်းအိုးကို ဆွဲထူ ဖေးမပေးလိုက်သည်။ ဒေါ်သိန်းရှင်တွင် သူ့မောင်ကို အားပြု၍သာ ရပ်လိုက်ရသည်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ အိပ်ခန်းဆီသို့ တွဲ၍ ခုတင်ပေါ်မှာ လှဲသိပ်လိုက်သော်လည်း အရုပ်ကြီးလို မတုန်မလှုပ်နှင့် အိပ်ချလိုက်သည်။ ဦးသိန်းဖေက အစ်မ၏ ဖြစ်နေပုံကိုကြည့်ရင်း သက်ပြင်းသာ ရှိုက်လိုက်မိသည်။

"ကျွန်ယုံ တစ်ဖက်ကန်း၊ သားသမီးယုံ တစ်စုံလုံးကန်း ဆိုတာမျိုး လိုပဲ၊ သူတို့ကို အလိုလိုက်ရင် ချစ်လို့ပါလားလို့ သိတတ်ပြီး လိမ္မာဖို့ကောင်းတယ်။ အလိုလိုက် အမိုက်စော်ကား ဆိုတဲ့ သားသမီးမျိုး မွေးမိမှဖြင့် အသည်း ရော၊ အူရော ဖြောင်းဆန်အောင် ဒုက္ခရောက်တတ်တာမျိုးပဲ။ ကဲ ကျွန်တော် သွားမယ် မမရယ်၊ စိတ်ကိုထိန်းပြီး ကျန်းမာအောင်သာ ဂရုစိုက်နေပါ။ မအေး ... ဟေ့ ... မအေး"

ဦးသိန်းဖေက သူ့အစ်မကို ပြောပြီးသည့်နှင့် တစ်ဆက်တည်း နောက်ဖေး ဆောင်သို့ လည်ပင်းဆန့်ကာ လှမ်းအော်လိုက်သည်တွင် "ရှင် ... ဦးလေး ဖေ" ဟု ထူးသံနှင့်အတူ နောက်ဖေးဆောင်မှ အင်္ကျီလက်မောင်းပင့်ကာ ထဘီ တစ်ပိုင်း ရေစိုနှင့် အဝတ်လျှော်ရင်း ပြေးတက်လာဟန်ရှိသော မအေးကို တွေ့ ရမှ "နှင့် မေမေကြီးကို ဂရုစိုက်ကြည့်နော်၊ သူ တော်တော် နေမကောင်း ဖြစ်နေတယ်။ ကိုအောင် အကြောင်းကို ဘာမှ မပြောနဲ့၊ ကြားလား ..." ဟု မှာကြားရင်း အိတ်ထဲမှ သားရေအိတ်ကို နှိုက်ယူဖွင့်ထုတ်ကာ ဆေးပြင်းလိပ် တစ်လိပ်ကို ပါးစပ်တွင် တပ်လိုက်ပြီး ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။ ဧည့်ခန်းရှိ စားပွဲဝိုင်းပေါ်တွင် စီးကရက်သံဘူးနားမှ ဓာတ်မီးခြစ်ကိုယူ၍ ဆေးပြင်းလိပ်တွင် မီးညှိလိုက်ပြီး၊ အနည်းငယ် စဉ်းစားသလို တွေ၍ ရပ်နေ သည်။ ထိုနောက် သူ့မမ အိပ်ခန်းဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ လှေကားမှ ဆင်းသွားလေသည်။

ဤသည်ပင်လျှင် အမွေပြတ်ကြော်ငြာ ဖြစ်ပေါ်လာစေသော အကြောင်း ရင်းများ ဖြစ်ပေသည်။

mgyoe.com

mgyoe.com

# အခန်း (၃)

"ဘယ့်နှယ်လဲဟေ့ မောင်စိန်၊ မတွေ့ခဲ့ဘူးလား"

ဦးသိန်းဖေသည် အိမ်ခြံဝင်းအတွင်း ဝင်လာသည့် ဂျစ်ကားကလေးပေါ်တွင် မောင်စိန် တစ်ယောက်တည်း မောင်းလာသည်ကို တွေ့ရ၍ မြက်ခင်းထဲရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ မေးလိုက်သည်။

"တွေ့ပါတယ် ဦးလေးဖေ"

ကားကလေးသည် အိမ်ဘေးမှကွေ့ကာ နောက်ဖေးဘက်ရှိ ကားရုံကလေးထဲသို့ ဝင်သွားသည်။ ကားရုံ တံခါးကို ဂျုံးခနဲ မြည်အောင် အမြန်ပိတ်ပြီးမှ ဦးသိန်းဖေထံသို့ မောင်စိန် ခပ်သွက်သွက် လျှောက်လာခဲ့လေသည်။

"မလာဘူးတဲ့လားကွာ" ဦးလေးဖေက ထပ်မေးလိုက်သည်။

"တော်ကြာမှ လာခဲ့မယ် ပြောလိုက်ပါတယ်"

"အခု သူ ဘယ်မှာလဲ"

"ဘိလိယက်ခုံမှာပါပဲ"

"ခွေးကောင်လေး ... ထွီ" ဟု တံတွေး ထွေးလိုက်ပြီးမှ ဆေးပြင်းလိပ်ကို ပါးစပ်တွင် တပ်လိုက်ပြီး၊ ပက်လက်ကုလားထိုင် နောက်မှီပေါ်သို့ လက်နှစ်ဖက်ကို ပစ်တင်လိုက်သည်။

"ကျွန်တော် သွားနိုင်ပြီလား ဦးလေး"

"သွား ... သွား ... မင်း လုပ်စရာရှိတာ လုပ်တော့"

ဘန်ကောက်လုံချည် အစိမ်းရင့်၊ ပိုးအင်္ကျီ မီးခိုးရောင်ကို ဝတ်ကာ ဆံပင်ကို သေသပ်ပြောင်လက်စွာဖြီး၍ ခြေအိတ် အပြာနု၊ ရှူးဖိနပ်အနက်ကို စီးလျက် ခပ်စိုက်စိုက် ဝင်လာသော တင်အောင်ကို ဦးသိန်းဖေ လှမ်းကြည့်လိုက်ပြီး ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ကာ "ဟုတ်ပေ့ကွာ၊ မင်းသားဟန်ကို ကျနေတာပဲ" ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

တင်အောင်သည် သူ့ဦးလေးကို ဝင်းဝမှ စုံစမ်းသော မျက်နှာနှင့် လှမ်းကြည့်လိုက်သည်။ ပြီးမှ သူ့ကို ဘာအတွက် လိုက်ရှာ၍ ခေါ်ခိုင်းသည် ဆိုတာကို တွေးမိသည်။ သို့သော် ဝရမ်းပြေးဖမ်းသလို သူ့ကိုရှာ၍ ကားနှင့် တင်ခေါ်ခြင်းကို သူ လက်မခံနိုင်။ အပြစ်ရှိက ရှိသလို ဆုံးမသည်ကိုတော့

mgyoe.com

mgyoe.com


သူ ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်ရဲသည်။ ဒါ့ကြောင့် သူ့ဘာသာသူ လာခဲ့ခြင်း ဖြစ်သည်။

"ထိုင်ဟေ့" ဟု ဦးသိန်းဖေက သူ့ရှေ့မှ ကုလားထိုင်လွတ် တစ်လုံးကို မေးထိုးပြလိုက်သည်။ တင်အောင်က ခပ်ဖြည်းဖြည်း ဝတည်တည်ပင် ဝင်ထိုင်၍ သူ့ဦးလေးကို ကြည့်နေသည်။ ဦးသိန်းဖေသည် ပါးစပ်မှ ဆေးပြင်းလိပ်တိုကို ချွတ်ပြီး၊ ရှေ့နားက စားပွဲဝိုင်းပေါ်မှ ဆေးလိပ်ခွက်ထဲသို့ ထည့်လိုက်ပြီး ကိုယ်ကို မတ်မတ် ထိုင်လိုက်သည်။

"အိမ်မရောက်တာ ဘယ်လောက်ကြာပလဲ"

"လေးရက်ရှိပြီ"

ဦးသိန်းဖေက ခေါင်းညိတ်ကာ ငေးနေလိုက်သည်။ "ဒီသတင်း တွေ့ပြီးပလား" ဟု သတင်းစာကို ကိုင်ပြလိုက်သည်။ တင်အောင်သည် သတင်းစာကို လှမ်းယူ၍ သတင်းကို ရှာနေလေသည်။ စာမျက်နှာ တစ်နေရာတွင် မင်နီဖြင့် ဝိုက်ကွင်း၍ထားသော အမွေပြတ် ကြော်ငြာကိုတွေ့၍ ဖတ်လိုက်သည်။ ပြီးမှ သတင်းစာကို ပိတ်လိုက်ပြီး စားပွဲပေါ်သို့ ပြန်တင်သည်။

"အဲဒီသတင်းအတိုင်း မင်းအမေဟာ မင်းကိုစိတ်နာသွားပြီ" တင်အောင်က မတုန်မလှုပ်နှင့် ငေးနေလေသည်။

"မင်း ပြုမူနေတဲ့ ကိစ္စတွေဟာ မင်းအမေနဲ့ ဆွေမျိုးတွေဂုဏ်ကို ထိခိုက်နေတယ် ဆိုတာ စဉ်းစားမိရဲ့လား" တင်အောင်ကား ငုတ်တုတ်ထိုင်၍ အပြစ်ကို ဝန်ခံသလို ငြိမ်နေသည်။

"အေး၊ အဲဒီလို မိဘဆွေမျိုး စိတ်ဆင်းရဲအောင် ဂုဏ်ပျက်အောင် လုပ်နေတဲ့ မင်းရဲ့စိတ်ထားတွေကို မင်းအမေကစပြီး ငါတို့ပါ မနှစ်သက်ဘူး ဆိုတဲ့သဘောကို ပြလိုက်တာပဲ၊ ဘယ်နှယ်လဲ မင်းအပြစ်မင်း ဝန်ခံရဲရဲ့လား။ မိဘဆွေမျိုးတွေ မတရားဘူး ဆိုချင်သေးသလား ပြောစမ်း" ဟု သူ့ကို စေ့စေ့ကြည့်၍ မေးလိုက်သည်။

တင်အောင်သည် ငေးနေရာမှ လှုပ်ရှားလာပြီး သူ့ဦးလေးကို တစ်ချက်ကြည့်လိုက်သည်။ သူ့ဦးလေးက သူ့အဖြေကို စောင့်စား နားထောင်နေသည်။

"အခု ကျွန်တော် အိမ်ပြန်မယ် ဦးလေး" ဟု အသံတိမ်ကလေးနှင့် ပြောလိုက်သည်။ ဦးသိန်းဖေက အဟင်း ... ဟင်း ... ဟု ရယ်သွမ်းသွေး၍ ကိုယ်ကို ရှေ့နောက်ယိမ်းကာ လှုပ်ရှားလိုက်ပြီးမှ–

mgyoe.com

"ကျ–ကျ သေးတော့ကွာ၊ မအေကို မင်း အသနား ခံဦးမလို့လား၊ ၄ ရက်လောက် အိမ်မပြန်ဘဲ စိတ်ထင်ရာ လေလွင့်နေတဲ့ အကောင်ကများ၊ ထို ... ကိုယ့်ကို မတိမ်းမစောင်းအောင် စောင့်ရှောက်ပြီး ချစ်လို့ အလိုလိုက် နေတဲ့ အမေကိုများ မသနား မညှာတာ စိတ်ဆင်းရဲအောင် လုပ်လိုက်တဲ့ သတ္တိကို တန်ပြန်ခံနိုင်ရည်ရှိတဲ့သတ္တိ မင်းမှာ မရှိဘူးလားကွာ၊ ဒီလက်စွပ်ဟာ မင်းအဖေ အမြတ်တနိုး ပေးအပ်ခဲ့တဲ့ သူ့အမွေပစ္စည်းမို့ မင်းအမေ အသည်းကွဲ သွားပြီ နားလည်ရဲ့လား"

တင်အောင် အတော်ကြီး ငိုင်ကျသွားသည်ကို သူ့ဦးလေး အကဲခတ် မိလိုက်သည်။ သူသည် မျက်စိကို အငြိမ်မထားဘဲ၊ မျက်တောင်ကို မြန်မြန် ခတ်ကာ သူ့စိတ်ကိုသူ ဝေဖန်ဆုံးဖြတ်နေသည်နှင့် တူသည်။

"ဟော့ ... အိမ်ပြန်ချင်တဲ့လူ၊ မင်းကို ဒီလိုပဲ ကြည့်နေရင် မင်း တစ်သက်မှာ လူမွေးပေါက်တော့မှာ မဟုတ်ဘူးကွ၊ ငါ့သားတွေ ကြည့်စမ်း ... ကိုကိုကြီးရော ကိုကိုလေးပါ ငါ မျက်နှာလွှဲသလောက် စိတ်ချရတယ်။ မင်း သူတို့ခြေဖျား မမီပါဘူးကွာ၊ မင်း ပြုမူနေတဲ့ အကျင့်တွေက ကြမ်းပိုး တေလေ ဖာခေါင်း အလုပ်မျိုးပဲ" ဟု ပျစ်ပျစ်နှစ်နှစ်ကြီး ပြောပစ်လိုက်သည်။

"ကျွန်တော် သတ္တိနည်းလို့ မဟုတ်ဘူး ဦးလေး၊ မေမေ့ကို တွေ့ချင် လို့ပါ"

"အေးလေ ... မင်းကိုမြင်တော့ မင်းအမေ စိတ်ပြောင်းသွားမယ် ထင် လို့လား"

"ဦးလေး ကျွန်တော့်ကို ဒီထိအောင် ..."

တင်အောင် စကားရပ်လိုက်သည်။ "အထင်သေးသလား" ဟု ပြော မည် ကြံလိုက်ပြီးမှ သူ လုပ်လိုက်သည့်ကိစ္စမှာ အထင်သေးသည့်ဟိုဘက်ကို မိုင်တစ်ရာလောက် ပိုနေဖို့ ကောင်းသည်ကို သူ တွေးလိုက်မိသည်။

"ပြောလေ ... ပြောပါ၊ ဒီထိအောင်ပဲ ရက်စက်တယ်၊ အထင်သေး တယ်။ ငါ့သားတွေနဲ့ နည်းနည်းမှ မတူဘူး။ မင်း မိုက်သလောက် ငါ့သား နှစ်ယောက်က လိမ္မာတယ်၊ မိဘအမွေ ခံထိုက်တယ်"

တင်အောင် စိတ်တွေ လှုပ်ရှားလာပြီး၊ မျက်နှာ အတော် တင်းမာလာ သည်။

"ကျွန်တော် စိတ်ထားကောင်းပေမယ့် လုပ်မိတဲ့ အလုပ်တွေက ဦးလေး

mgyoe.com

mgyoe.com

သာမက တစ်တိုင်းပြည်လုံးက ကဲ့ရဲ့စရာဖြစ်အောင် လုပ်မိနေတာ ကျွန်တော် သိပါတယ်။ မနှစ်က ငွေသုံးထောင် မေမေ့ မပြောဘဲ ယူသုံးတယ်၊ အခု မော်တော်ဆိုင်ကယ် ရောင်းလိုက်တယ်"

"စိန်လက်စွပ်ကရော ..."

"ဟုတ်ကဲ့၊ စိန်လက်စွပ် ရောင်းတာက အင်းစိန်တိုက်ပွဲ မဖြစ်မီထဲက ကျွန်တော့် သူငယ်ချင်းတစ်ယောက် ပုဒ်မ ၅ နဲ့ အချုပ်ခံနေရတာ၊ သူ့အမေအို ကြီးနဲ့ မယားရော ကလေး ၃ ယောက်ပါ ငတ်လုနေလို့ သိမ်ကြီးဈေးမှာ အထည်ဆိုင်ကလေး ဖွင့်ပေးလိုက်တာပါ"

"တော်တော့ တော်တော့၊ မင်းကိုယ်မင်း ဧရာမ မျိုးချစ် ပုဂ္ဂိုလ်ကြီး ဖြစ်ပြီလို့ အောက်မေ့သလား၊ သူတစ်ပါး အတိဒုက္ခရောက်တာကို ကူညီချင် ရင် ကိုယ့်လုပ်ရည်ကိုင်ရည် ကိုယ်စွမ်းကိုယ်စနဲ့ ရတဲ့ငွေနဲ့ ကူညီမှ ဂုဏ်ယူ လောက်တော့မပေါ့၊ ကိုယ့်အမေ အသည်းကွဲအောင်လုပ်ပြီး ခိုးယူတဲ့ ပစ္စည်း မျိုးနဲ့ မျိုးချစ်စိတ်ရှိတဲ့ လူတစ်ယောက် မဖြစ်နိုင်သေးဘူးကွ၊ ဟား–ဟား၊ တယ်တော်တဲ့လူ ပြောစမ်းပါဦးကွာ၊ မော်တော်ဆိုင်ကယ်ရောင်းပြီး ဟိုတယ် မယ်ကို ပေးရတာကကော ဒုက္ခရောက်နေလို့ ကူညီရတာပဲတဲ့လား"

တင်အောင်က မခံချင်သော မျက်နှာထားဖြင့် ဆတ်ခနဲ ခေါင်းမော် ကာ သူ့ဦးလေးကို စူးစူးစိုက်စိုက် ကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဦးလေး ... ကျွန်တော်ကတော့ ကူညီတာပဲ၊ သူက ကတိမတည် အကျင့်ယုတ်တာတော့ ကျွန်တော် မတတ်နိုင်ဘူးပေါ့"

"ဟင်း ... ဟင်း ... ထွီ ဒါကတော့ မင်းဆင်ခြေနဲ့ မင်း ထားပါဦး၊ အမေတစ်ယောက်လုံး စိတ်မချမ်းသာဖြစ်နေရတဲ့ အခိုက်အတန့်မှာ ကိုယ့် အပြစ် ကိုယ်သိပြီး ညှိုးညှိုးငယ်ငယ် သေသေဝပ်ဝပ် နေရမယ့်အစား ဘိလိယက် ခုံတကာကို လည်သွား၊ ဟိုတယ်မှာ အိပ်စားပြီး အိမ်မကပ်နိုင်အောင် ဖြစ်နေ ရတာက မိသော ဘသော ဘယ်သူ ဘာဖြစ်ဖြစ်၊ ငါထင်ရာ ငါလုပ်မယ်ဆိုတဲ့ သဘောအပြင် ဘယ်လို အဓိပ္ပာယ်ကောက်ရဦးမှာလဲ"

"ကျွန်တော်လည်း စိတ်ညစ်တာပဲ ဦးလေး ... ကျွန်တော် လုပ်မိသမျှ တွေဟာ စေတနာ မသက်ရောက်ဘဲနဲ့ မေမေ့ကို နှိပ်စက်သလို ဖြစ်နေရလို့ မေမေ့မျက်နှာကို မကြည့်ရက်သလောက်ဘဲ သနားမိပါတယ်။ ဒါ့ကြောင့် လည်း စိတ်လေလွင့်ပြီး အိမ်မကပ်ချင်သလောက် ဖြစ်နေတာပါ"

mgyoe.com

mgyoe.com

"အေး အေး အဲဒီ စိတ်လေလွင့်တာကြောင့်ပဲ ခက်တာ၊ မင်း တစ်သက်မှာ ဒီလို လေလွင့်နေသမျှ လူမွေးပေါက်မှာ မဟုတ်ဘူးမှတ်။ ဟော ... ငါ့သားများ ပြန်လာပြီ၊ ကြည့်စမ်း၊ ကုမ္ပဏီလုပ်ငန်း မှန်သမျှကို ဦးစီး လုပ်ကိုင်ပြီး ကုမ္ပဏီပိုင်ရှင်တစ်ယောက် အနေနဲ့ကို ဘယ်လောက် ကျက်သရေ ရှိနေသလဲ၊ ကိုင်း သားတို့ လာကြ၊ ဒီမှာ ထိုင်ကြဦး"

ဘောင်းဘီရှည်၊ နက်ကတိုင် လည်စည်းဆင်တူနှင့် ဥရောပတိုက်သားဟန် အကျအန ဖမ်းထားသော မွန်ရည် သားနားသည့် လူရွယ်နှစ်ယောက် အပေါ်သို့ ရပ်လာသည်။ သားအကြီး ကိုကိုကြီးက တင်အောင်ကို ကြည့်ကာ ပြုံးလိုက်သည်။

"ဘယ့်နှယ် မင်း ဟိုတယ်မလေး အစပျောက် ရှာမရဘူးဆိုကွ။ မင်းတော့ ဂြိုဟ်ပါပဲကွာ၊ တို့ကိုလည်း ကြီးကြီးက မနေ့က ဖုန်းနဲ့ လှမ်းမှာတယ်။ မင်း ငွေတောင်းရင် မပေးရဘူးတဲ့ကွာ"

အငယ် ကိုကိုလေးကတော့ တင်အောင်ကို ကြည့်ကာ သရော်ပြုံးပြုံးနေသည်။

"ကဲကွာ ... မင်းတို့ညီကို နှစ်ရက်လောက် ခေါ်ထားလိုက်ပါ။ နှစ်ရက်အပြင်တော့ လက်ခံထားလို့ မရဘူး၊ မမ ဆူမှာ ကြောက်ရတယ်။ အိမ်ကို သွားပေမယ့် မင်းအမေကို တွေ့မှာမဟုတ်ဘူး။ မနက်ထဲက စစ်ကိုင်းကို လေ ကြောင်းခရီး ထွက်သွားပြီ။ နက်ဖြန်ဆိုရင် မင်းတို့နေတဲ့ တိုက်ကို လူငှား တင်ဖို့ မှာသွားတယ်"

တင်အောင်မှာ ကမ္ဘာကြီးလည်သလို ဖြစ်သွားသည်။ သူ့တစ်ကိုယ်လုံးမှာ သွေးသားတွေ ဆူဝေလာသလို ပူထူနေတော့သည်။ ဒီတစ်သက် ဒီတစ်ခါ စိတ်ထိခိုက်ဆုံး၊ အရှက်ဆုံး ဖြစ်သည်။ ကိုကိုကြီးနှင့် ကိုကိုလေးတို့ အိမ်ပေါ်သို့ တက်သွားကြသည်။ ဦးသိန်းဖေက မျက်မှန်ကိုချွတ်၍ မျက်မှန်အိမ်တွင် ထည့်လိုက်ပြီး မျက်မှန်အိမ်ကို အင်္ကျီအိတ်ထဲသို့ သိမ်းလိုက်သည်။ ဆေးပြင်းလိပ်ကို ပြာခြွေချကာ ပါးစပ်မှာ တပ်လိုက်ပြီး တင်အောင်ကို အမှတ်မထင် ကြည့်နေသည်။

"ကျွန်တော် ပြောချင်တာက ဘယ်ပုံဘယ်နည်း သုံးတယ် ဆိုတာကို အမှန်ဝန်ခံမလို့ပါ။ မိဘပစ္စည်း တိတ်တိတ်ယူပြီး သုံးလိုက်တယ် ဆိုကတည်းက ကိုယ်ရည်သွေးပြီး ကျွန်တော့်ကိုယ်ကျွန်တော် သိဒ္ဓိမတင်လို့

mgyoe.com

mgyoe.com

ပါဘူး။ ကျွန်တော် လုပ်မိတဲ့ အလုပ်ကိုသာ ဟုတ်မှန်တဲ့အတိုင်း ပြောပြချင်လို့ မေမေ့ကို တွေ့ချင်တာပါ။ မေမေ စိတ်ထိခိုက်ဆုံးပစ္စည်း ဆိုတာလည်း ခုမှသိရလို့ ကျွန်တော် အမှားကြီး မှားမိတာကို သိပါပြီ။ မေမေ စိတ်နာပြီး တခြားကို ထွက်သွားတာသာ ကျွန်တော် ဝမ်းနည်းပါတယ်" ဟု အသံကလေး မပွင့်တပွင့်နှင့် အားယူ၍ ပြောလိုက်ပြီး ... "ကျွန်တော် သွားမယ် ဦးလေး ..." ဟု ပြောပြောဆိုဆိုပင် ထွက်သွားလေသည်။

လမ်းပေါ်ရောက်လျှင် ဘယ်သွား၍ ဘာကို လုပ်ရမည်ကို တွေးမရတော့ပေ။ ခါတိုင်းဆိုလျှင် ဤလို ယောင်ချာချာ ဖြစ်လာလျှင် အိမ်ကို ပြန်သည်။ ယခုတော့ အိမ်မှာ သူ့မေမေ မရှိ၍ ပြန်ဖို့ မဖြစ်နိုင်တော့သည်ကို သူ တွေးမိသည်။ သို့သော် အိမ်ကိုတော့ သွားချင်နေသည်။ သူ့အိမ်ကို လွမ်းသလိုလို ဝမ်းနည်းသလိုလို၊ သူ့အမေကို အောက်မေ့သလိုလိုနှင့် စိတ်တွေ ဝေပြီး နောက်ဆုံး အိမ်ကြီးကို မြင်ရရုံလောက် သွားကြည့်ချင်စိတ် ပေါ်ပေါက်လာသည်နှင့် ဟယ်လ်ပင်လမ်းသို့ ဘတ်စ်ကားစီး၍ ထွက်သွားလေသည်။

အချိန်မှာ ညနေ (၆) နာရီ ကျော်ပြီဖြစ်၍ လမ်းဓာတ်မီးများ လင်းနေသည်။ အမှောင်ကလေးပျိုး၍ ဝိုးဝိုးဝါးဝါး ဖြစ်နေသည်။ ကားပေါ်မှဆင်း၍ သူ့တို့တိုက်ရှေ့ရောက်လျှင် လမ်းပေါ်မှနေ၍ တိုက်ဆီသို့ မျှော်ကြည့်လိုက်သည်။ ဝင်းတံခါးမှာ သော့ခလောက် တန်းလန်းနှင့် သော့ခတ်ထားသည်။ တိုက်တစ်ခုလုံး ပြတင်းတံခါး၊ အဝင်အထွက် တံခါးတွေ အားလုံး ပိတ်ထားပြီး ဆိတ်ငြိမ်နေလေသည်။

ခါတိုင်းဆိုလျှင် ပြတင်းပေါက် ခန်းဆီးကလေးတွေ တလှုပ်လှုပ်နှင့် တိုက်ထဲမှ စကားပြောသံ၊ ရေဒီယိုဖွင့်သံတို့ကို ကြားရသည်။ တင်အောင် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ပြီးမှ လှည့်ထွက်ကာ ဘတ်စ်ကား စောင့်စီး၍ ဟိုတယ်သို့ ပြန်သွားလေသည်။

## အခန်း (၄)

ဘယ်နေနေ၊ ဘယ်သွားသွား တင်အောင်အဖို့ စိတ်မကောင်းစရာတွေသာ ပေါ်လာတော့သည်။ ညနေက သူ့ဦးလေးအိမ် ရောက်ခဲ့သည်။ အဝီစိပွက် သလို ဆူလိုက်၊ ကြိမ်းလိုက်သည်။ အိမ်ကိုသွားပြန်တော့ တံခါးပိတ်ထား

mgyoe.com

mgyoe.com

သော အိမ်ကြီးက ဂရုမစိုက်သလို သရော်လွှတ်လိုက်သည်။ ဟိုတယ်ရောက်ပြန်တော့ စိတ်ညစ်စရာတစ်ခု တိုးပြန်သည်။ ဩော် ... စီစီ ... စီစီ ... "လောကကြီးဟာ မကောင်းတော့ပါဘူး ကိုကိုရယ်" ဟု မျက်ရည်စက်လက်နှင့် လှိုက်လှိုက်လှဲလှဲ ပြောပြနေသည်ကို ယခုပင် မြင်ယောင်၊ ကြားယောင် ဖြစ်မိသေးသည်။

သူ၏အပြောအရ စီစီမှာ ဆွေကြီးမျိုးကြီး လူကုံထံပိုင်းထဲကပင် ဖြစ်သည်။ သို့သော် သူ့ဖခင် တိမ်းပါး၍ သူ့မိခင်နှင့်အတူ သားအမိနှစ်ယောက်သား ပစ္စည်းထုထည် မရှိ၊ ဝမ်းရေးမဖူလုံ ဖြစ်နေသော အခါတွင်ကား ဘယ်ဆွေဘယ်မျိုးကမှ ထောက်ပံ့ကူညီခြင်းမပြု။ မတတ်သာလွန်း၍ ဟိုတယ်မှာ သူအလုပ်ဝင်လုပ်ပြန်တော့လည်း ဆွေဂုဏ်မျိုးဂုဏ် ဖျက်တဲ့ ကောင်မဟု တစ်ဆွေလုံး တစ်မျိုးလုံးက ဝိုင်းပယ် စွန့်ပစ်ထားကြသည်။

"စီစီဟာ သောင်ပြင်လွှတ်တဲ့ ခွေးမကလေးပါပဲ ကိုကိုရယ်၊ ဘယ်တော့များမှ ဒီဝဋ်က ကျွတ်ရပါမလဲ"

စီစီက သူနှင့် တွေ့သည့် အခါတိုင်းမှာ ဒီလို ဝမ်းနည်းပက်လက် ညည်းညူတတ်သည်။ သူ ဤဟိုတယ်ကို ခတ်စာကျခဲ့သည်မှာ နှုတ်ခမ်းနီပါးနီနှင့် အမောက်ကလေး တထောင်ထောင်မှာ နိုင်လွန် လက်ပြတ်ကလေး ဝတ်ပြီး ဟိုတယ်လာသည့် ယောကျ်ား ကြီးငယ်မရွေးကို အလိုတော်ကျ ဧည့်ခံရသည့်အတွင်း ယောကျ်ားများ ပါးစပ်ဖျားမှာ စီစီ ... စီစီနှင့် တစီထဲ စီနေသည့်အခါများတွင် ဟိုပြေးရ၊ ဒီပြေးရနှင့် နားဆွဲကလေး တခါခါ၊ ရင်ကလေး တလှုပ်လှုပ်၊ တင်ကလေး တအိအိဖြင့် ယောကျ်ားတတွေ၏ စိတ်နှလုံးကို အပြုံးကြီး ပြုံးစေနိုင်သော စီစီ၏ ရူပါရုံတွင် သာယာ တပ်မက်မိသည်က အစပင် ဖြစ်သော်လည်း စီစီ၏ ဖြစ်ကြောင်းကုန်စင်ကို ကြားသိရပြီးသည့်နောက်တွင်ကား ဤဒုက္ခမှ ကယ်တင်လိုစိတ်သာ တဖွားဖွား ပေါ်နေခဲ့သည်။

"သူ့ခမျာ ကောင်းရောင်း ကောင်းဝယ် အလုပ်ကို ဘယ်သူကမှ ပြုစုပျိုးထောင်ပေးမယ့်လူ မရှိလို့သာ ဒီအလုပ်ကို လုပ်ရတာပဲ။ အသက်ကလေးက နုနုနယ်နယ်၊ ရုပ်ကလေးကလည်း ချစ်ချင့်စဖွယ်မှာ ဟိုတစ်နေ့က ဗိုက်ပူကြီး ရွှဲရွှဲနဲ့ အုံးစားထားသလို ထိပ်ကြီး ပြောင်နေတဲ့ ဘူတာကြီးက အသက်အရွယ်နဲ့ မမျှအောင် သောက်ရမ်း ကန်မူးပြီး အတင်းဆွဲဖက်ခံရတာများ သူ့စိတ်ထဲမှာ နှစ်လိုရှာမယ် မဟုတ်ရှာဘူး" ဟု ဟိုတယ်ရောက်တိုင်း စီစီကို

mgyoe.com

သနားမိသည့်အတွက် ငွေကိုတသွင်သွင် ပေးနေသည့်အထဲမှ အားမရနိုင်ဘဲ မော်တော်ဆိုင်ကယ်ပါ ရောင်း၍ စုစုပေါင်း ငွေနှစ်ထောင် စီစီလက်သို့ ပေးလိုက်သည်။

တင်အောင် စိတ်ရင်းအတိုင်းဆိုလျှင် ထိုအပြုအမူအတွက် သူ့တွင် လုံးဝ အပြစ်ရှိသည်ဟု မထင်။ သူ့မှာ ကျောင်းတက်ဖို့ သွားသွားလာလာ စီးဖို့ ဂျစ်ကားတစ်စီး၊ အော်စတင် ကားကလေး တစ်စီး ရှိသေးသည်။ သူ စေတနာအလျောက် ပေးလိုတာကို မိဘအပူရှာ၍ ငွေကို လုံးလုံးခဲခဲ တောင်းယူရမည့်အစား သူပိုင်ပစ္စည်းဖြစ်သော မော်တော်ဆိုင်ကယ်ကိုသာ ရောင်းလိုက်မည်။ မော်တော်ဆိုင်ကယ်ကတော့ သူ့မှာ မရှိလည်း မစီးဘဲ နေလိုက်ရုံပဲ။

စိန်လက်စွပ်ကို ရောင်းလိုက်စဉ်ကလည်း ဤလိုပင် စိတ်ရှင်းရှင်းထားသည်။ ဒုက္ခရောက်နေသော မိသားစုကို ကယ်တင်ရန်အတွက် ဘာရယ် ညာရယ် ဘယ်လောက်တန်ရယ်ကို သူ မတွေးမိ၊ လွယ်ကူရာသာ ယူလိုက်ခြင်း ဖြစ်သည်။

မီးခံသေတ္တာသော့နှင့် စိန်သေတ္တာ၊ ငွေသေတ္တာ သော့မှာ တတွဲတည်း တွဲ၍ သူ့မေမေ ခုတင်ခေါင်းရင်းဘက် အံဖွက်ကလေး တစ်ခုထဲတွင် အမြဲထားရှိသည်။ သူ့ကိုလည်း အသိပေးထားသည်။ ငွေကတော့ သူ့မေမေကုမ္ပဏီမှာ အမြဲတမ်းသုံးရသည်။ အိမ်အတွက် နေ့စဉ်သုံးရမည်။ ယူ၍မသင့်ဟု သဘောရသဖြင့် စိန်သေတ္တာကလေးကို ဖွင့်ကာ၊ အပေါ်ဆုံးမှ အထုပ်ငယ်တစ်ခုသာ သူ ကောက်ယူခဲ့သည်။ သူ့မေမေ သိအောင်လည်း မပြောမိ၊ မေမေသိရင် စိတ်မှ ကောင်းပါ့မလား ... ကန့်ကွက်နေဦးမလားဟု နောက်မှ ဖြစ်ပေါ်လာမည့် ကိစ္စတွေကို ကြိုတင်၍ တွေးမထား။ စိတ်သန့်သန့်နှင့်ပင် လိုရာသုံး ထင်ရာသုံး သုံးပစ်လိုက်တော့သည်။

ယခုလည်း မော်တော်ဆိုင်ကယ်ကို ရောင်းပြီးနောက် သူ့စိတ်ထဲမှာတော့ စီစီကို ကယ်တင်လိုက်ရပြီဟု ကျေနပ် နှစ်သိမ့်နေသည်။ စီစီကား သူ ထင်သလို မဟုတ်၊ ငွေ နှစ်ထောင်ကိုယူ၍ ဟိုတယ်မှ အစဖျောက်ကာ ဘယ်ဝယ် ဘယ်ဆီမသိ ထွက်သွားလေပြီ။ ဤမှာဘက်တွင် အနံ့ခံ ကောင်းလှသော သူ့အပေါင်းအဖော် ပွေလီမောင် အချို့ကမူ စီစီမှာ ရန်ကုန်မြို့ထဲမှာပင် ရှိ၍ ဟိုတယ်မယ်ထက်ပင် ဆိုးဝါးသော အခြေအနေကို ရောက်နေပြီ

mgyee.com

mgyoe.com

ဖြစ်ကြောင်းနှင့် သူ အတည်မပြုသေးသော သတင်းတစ်ရပ်ကို ပေးလာကြသည်။

ဘာပဲဖြစ်ဖြစ် ကောင်းမွန် ရိုးသားစွာ နေမည်ဆိုလျှင် စီစီသည် သူ့ကို ရှောင်တိမ်းနေရန် မဟုတ်၊ အမြဲတမ်း သူ့ထံမှ အကြံဉာဏ် အကူအညီရနေမည်ကို စီစီ သိသင့်သည်။ သူ့အပေါ်တွင် သတင်းအစ ဖျောက်လိုက်ခြင်းကပင် စီစီ မရိုးသားသော အဖြစ်ကို ဖော်ပြနေပြီ။ သူ့ကို ညာ၍ရမည့် လူတစ်ယောက်မှန်း စီစီ သိ၍သာ ညာခဲ့သည်ကို လွန်ပြီးမှ သိရတော့သည်။

ယခုမှ အိမ်မြှောင် အမြီးပြတ်သလို သူ့ဖြစ်စဉ်တွေကို တမြုံ့မြုံ့ တွေးနေမိသည်မှာ ၁၂ နာရီကျော်၍ ဟိုတယ်တစ်ခုလုံးပင် တိတ်ဆိတ်နေတော့သည်။ အမွေပြတ်ကြော်ငြာကို တွေ့စဉ်ကလည်း ပစ္စည်းအတွက် သူနှင့် မဆိုင်တော့သည်ကို ဝမ်းမနည်းမိ။ သူ ပေါ့ပေါ့ဆဆ လုပ်ခဲ့သည်မှာ သူ့မေမေ အမြတ်တနိုး တန်ဖိုးထားသောပစ္စည်း ဖြစ်နေသည့်ကိုသာ သူ နောင်တရ၍ မဆုံးနိုင်။ ထို့ထက် သူ့မေမေက သူ့အပေါ်မှာ စိတ်နာကာ တစ်မြို့တစ်ရွာသို့ ရှောင်ထွက်သွားရသည်က ဝမ်းနည်းစရာ အကောင်းဆုံး ဖြစ်နေသည်။

နံနက်မိုးလင်းလျှင် သူ့ကို မိတ်ဆွေတွေ အသိတွေက မေးကြစမ်းကြတော့မည်။ သူ သုံးတာ ဖြုန်းတာတွေကို ရန်ကုန်တစ်မြို့လုံးသာမက သတင်းစာမှာ ကြော်ငြာ၍ တစ်တိုင်းပြည်လုံး သိကုန်ပြီ။ ရန်ကုန်မှာဆိုလျှင် အသိတွေ များသဖြင့် မြို့ထဲ လျှောက်လည်ဖို့ပင် ရှက်စရာ အတော်ကောင်းနေသည်။

ညနေက သူ့ဦးလေး ပြောလွှတ်လိုက်သည့် စကားတွေကလည်း သူ့ကို နှစ်ပြားမှ အဖိုးမတန်တော့သလောက်။ ပြီးတော့ သူ့သားနှစ်ယောက်ကို သိဒ္ဓိတင်ပြီး သူ့ရှေ့မှာ သရော်လိုက်သေးသည်။ သူ ငယ်ငယ်က ကိုကိုလေးနှင့် အတူကြီးလာခဲ့သည်။ ဦးလေးအိမ်မှာ အနေများခဲ့သည်။ သူ့ကို ဦးလေးက ကိုကိုလေးနှင့်မခြား ချစ်ခဲ့သည်။ ဦးလေး ပက်လက် အိပ်နေသည့်အခါ ဝမ်းဗိုက်ပေါ် တက်ခွစီးပြီး နှုတ်ခမ်းမွေးကို ကိုင်ဆော့သည်အထိ အလိုလိုက်ခဲ့သည်။ ယခုတော့ တူလို့ ပြောရမှာပင် ရှက်နေပြီလား မသိ။

သူ့အိမ်မှာ ၂ ရက်ပဲ လက်ခံထားမယ်တဲ့။ ဦးလေးရယ် တစ်ရက်မှ မနေပါဘူး။ လက်မခံနိုင်အောင် ကျွန်တော်က ဘာကောင်မို့လဲဗျာ၊ ဦးလေး အသည်းနှလုံးတွေကို စားပစ်မယ့် ဘီလူးကြီး မဟုတ်ပါဘူး၊ ဦးလေး လက်ပေါ်မှာ ကြီးလာတဲ့ တင်အောင်ပါ။

mgyoe.com

mgyoe.com

ကိုကိုကြီးကလည်း သူ့အဖေ မြှောက်စားထားလို့ သူ့အဖေရှေ့မှာ ဟိုတယ်မယ်နဲ့ သရော်လိုက်သေးတယ်။ သရော်ကြပါဗျာ၊ ပြောကြပါ၊ ဆိုကြပါ၊ ရက်စက်ကြပါ၊ ကျွန်တော်က ပြောစရာတွေ လုပ်မိပေသကိုး။ ဒီတော့ ဒါလောက်မိုက်တဲ့ အကောင် မိဘဆွေမျိုးတွေ စိတ်မကောင်းအောင် လုပ်မိတဲ့ ဒဏ်ကို တန်ပြန် ခံရတော့မှာပေါ့။

ဦးလေး အိမ်မှာလည်း လက်ခံမထားပါနဲ့။ ရန်ကုန်မြို့ကြီးကလည်း လက်မခံပါနဲ့။ ကျွန်တော်ကလည်း လက်ခံထားပါလို့ မတောင်းပန်ပါဘူး။ သွားမယ်၊ ထင်ရာသွားမယ်၊ ယောကျ်ားပဲ၊ ဖြစ်လာတဲ့ အပြစ်တွေ ဒုက္ခတွေကို ရင်ဆိုင်ရဲတယ်၊ ဝမ်းမနည်းဘူး၊ လုပ်မိတဲ့ အလုပ်ကို ကောင်းပါတယ်လို့မှ မပြောဘဲနဲ့ မင်းတစ်သက်လုံး လူမွေးပေါက်မှာ မဟုတ်ဘူးလို့ ပြောရက်တယ်။ အခုမှ (၂၄) နှစ်ထဲ ရှိသေးတာပဲ၊ ဘာလို့ မပေါက်ရမှာလဲ၊ ပေါက်ရမယ်၊ ပေါက်ရမယ်။ တင်အောင်ကို စိတ်နာသွားတဲ့ မေမေကိုသာ ပြောလိုက်ပါတော့။ တင်အောင် တစ်ယောက် လူမွေးပေါက်နိုင်ပါသေးတယ်လို့။

သူ အမျိုးမျိုး တွေးရင်းက စိတ်ထဲမှာ မခံချိမခံသာ ဖြစ်လာသည်။ အိပ်ရာမှ လူးလဲထပြီး မျက်နှာသစ်သည်။ အပေါ်အင်္ကျီကို ခုတင်ခေါင်းရင်းမှ ယူ၍ဝတ်သည်။ အိတ်ထဲသို့ နှိုက်ကြည့်ရာ ၁ဝိ တန် စက္ကူ ခပ်ထူထူ တစ်ထပ်ကို တွေ့ရတော့မှ သူ့မှာ ငွေရှိသေးသည်ကို သိလိုက်သည်။ ခုတင်အောက်မှ ရှူးဖိနပ်ကို ဆွဲ၍ စီးလိုက်ပြန်သည်။ ထို့နောက် အခန်းထဲတွင် အမျိုးမျိုး စဉ်းစားရင်း ခပ်ဖြည်းဖြည်း လမ်းလျှောက်နေလိုက်သည်။ အတန်ကြာလျှင် လမ်းပေါ်မှ ကားသံတွေ တစ်စတစ်စ ဆူညံလာသည်နှင့် ဟိုတယ်ပေါ်မှ ဆင်းကာ ဘူတာရုံကြီးသို့ ထွက်ခွာသွားလေသည်။

## အခန်း ( ၅ )

"ဟေ့ တင်ရွှေ၊ ညည်းတို့ ဒီနှစ် စပါးတွေတိုးလို့ အလှူလုပ်မယ်ဆို ... အေ့"

"အဘကတော့ လုပ်မယ်လို့ ပြောတာပဲအေ ... မသေချာသေးပါဘူး"

"မယ်တင်၊ ရေချိုးပြီးရင် ဟိုတောစပ်ကို ကောက်ရိုးနွယ်ခူး လိုက်မလားဟေ့"

mgyoe.com

mgyoe.com

"တင်ရွှေပါ ခေါ်ဟယ် ... တို့ချည်းဆို ကြောက်ဖို့ကောင်းတယ်၊ မသွား ဝံ့ဘူး"

"အတင့်ရဲမနေကြနဲ့ ကောင်မတို့၊ ကောက်ရိုးနွယ် မတို့ရရင် ငါးပိရည် ဆမ်းစား၊ လူပြန်ပေးတွေနဲ့ တွေ့သွားလို့ ဟင်း ..."

တင်ရွှေက ရေတွင်းထဲမှ ရေပုံးကို လက်တစ်လှမ်းဆီ ဆွဲတင်ရင်း ပြောလိုက်သည်။

ရေတွင်းနံဘေး သစ်တုံးရှည်ကြီးပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်၍ အဝတ် ဆောင့်လျှော်နေကြသော မိန်းမပျိုကလေး နှစ်ယောက်မှာ လုံချည် ရင်ရှားနှင့် ထဘီတိုတို ဝတ်ထားသောကြောင့် ဒူးများပင် ပေါ်နေလေသည်။ တင်ရွှေသည် ရေတွင်း နှုတ်ခမ်းပေါ်မှ ရေအိုးထဲသို့ ရေငင်ထည့်နေသည်။ ရေတွင်းအနီးမှ ကျွန်းငုတ်တို တစ်ခုပေါ်တွင် သားရေ လေးခွကို ခါးမှာ ထိုး၍ ပလွေကလေး တတူတူ မှုတ်နေသော စံအေးကား သူ့ဂီတနှင့်သူ သဘောခွေ့နေသလို ခြေဖျားကလေးများ မြှောက်ကာချကာ စည်းလိုက်ပြီး ဇိမ်ယူနေသည်။

သက်ငယ်စည်းကို ခေါင်းပေါ်ရွက်၍ ရေပုံး တစ်ဖက်ဆွဲလာသော ဒေါ်ပုက တင်ရွှေကို ပြုံး၍ကြည့်ရင်း ခေါင်းပေါ်မှ သက်ငယ်စည်းကို မြက်ခင်း ပေါ်သို့ ပစ်ချလိုက်ပြီး ရေပုံးကို ရေတွင်းထဲသို့ ကြိုးနှင့် လျှောချလိုက်သည်။ "နေတောင် တော်တော်မြင့်နေပြီ၊ ထမင်းမစားရသေးဘူး။ ဟိုကောင်လေး ပလွေပဲ ဇိမ်ခံမှုတ်နေ၊ လာစမ်း မြန်မြန်၊ ရေချိုးရအောင်" တင်ရွှေက သူ့ မောင်ကလေး စံအေးကို ခေါ်လိုက်သည်။

"ငါလည်း မစားရသေးပါဘူးအေ့ ... သက်ငယ်ပျစ်နေတာ နေမြင့် သွားလို့ ခုပဲ ထမင်းချက်ပြီးခဲ့တယ်၊ ပြန်မှ စားရမှာပဲ"

"မကြည်တို့သားအမိ တစ်စုတစ်ရုံးကြီး ကြည့်ကြဟော့၊ ဒါတင် မက သေးဘူး၊ တော်တော်ကြာ တစ်ယောက်တိုးဦးမှာ" ဟု မယ်တင်က ပြောလိုက် သည်။ အကျႌချွတ်ပြီး ကိုယ်လုံးတီးနှင့် ကလေး ၄ ယောက်မှာ ရှေ့မှ ဆူညံစွာ စကားပြောလာကြသည်။ မကြည်မှာ ထဘီရင်ရှားနှင့် ရှေ့သို့ စူထွက်နေ သော ဗိုက်အောက်မှ ကပ်ပြီး ငို၍ လိုက်လာသော ကလေး ပိန်တာတူးကလေး အား လက်ကိုဆွဲရင်း ခေါင်းပေါ်မှ ရေအိုးကို လက်တစ်ဖက်က ကိုင်ထား သည်။

mgyoe.com

mgyoe.com

"သွားစမ်းဟဲ့ မြန်မြန် ... နေပူလှပြီ၊ ဟိုကောင်လေး လှည်းလမ်းကြောင်းထဲ ဘာလို့ဆင်းသလဲ၊ ဖုတ်တွေ ခိုးလိုက်တာ" ဟု သူ့သားသမီးတွေကို ပြောရင်း ရေတွင်းနားသို့ ရောက်လာသည်။

"ဟော့ အေး ... ရေမချိုးချင်ဘူး၊ ချမ်းတယ်" ဟု အကြီးကောင်ကလေးက ပြောပြီး လှည်းလမ်းဖုတ်ထဲတွင် ဆော့နေသည်။ အငယ် ၃ ယောက်ကိုလည်း ရေချိုးဖို့ ခေါ်မရ၊ ဖုတ်ထဲတွင် ဆော့နေကြသည်။ တအယ်အယ် ငို၍ လိုက်လာသော ကလေးမ အငယ်ဆုံးကလေးကို ရေပုံးထဲမှ ရေနှင့် မျက်နှာသစ်ပေးနေသည်။ ကလေးမှာ ရေထိ၍ ပိုပြီး အော်ငိုလိုက်သည်။

"အမယ်လေး ... သူတို့အိမ်သားတွေ လာမှဖြင့် ဆူညံနေတာပဲ၊ ငိုတာက တစ်မျိုး၊ ဟိုကောင်လေး ခွေးပု ဖုတ်တွေခိုးတယ်၊ အဝတ်တွေ ဖုန်တင်ကုန်ပါပြီတော် ... လျှော်ပြီးသား၊ ကလေးတွေ တယ် ... ငါလိုက်ရိုက်လိုက်ရပြန်"

"ရိုက်စမ်းပါ မယ်တင်ရယ် ... သိပ်ကဲတာတွေ၊ တစ်နေ့ တစ်နေ့ သူတို့ ပြောရတာတွေ မောမောနေတာပဲ၊ ထမင်းစားရာလည်း အကောင်းမစားရဘူး၊ ဆူလို့ညံလို့၊ ဟဲ့ ခွေးပု ပြောတာမရဘူးလား၊ လာခဲ့ မြန်မြန်"

ရွာထိပ်က ရေတွင်းမှာ ဤလိုပင် လူစည်ကားနေသည်။ ရေချိုးကြ၊ အဝတ်လျှော်ကြ၊ နွားရေတိုက်ကြ၊ သက်ငယ် ရေဆွတ်ကြ၊ တစ်ယောက် တစ်ယောက် မေးကြပြောကြနှင့် ဆူ၍နေသည်။

"တင်မြင့်ခွေရွာဟာ ဒီရွာပဲလား ခင်ဗျာ"

ရေတွင်းမှ လူများ ခဏမျှ ငြိမ်သွားပြီး မေးသူကို ငေး၍ကြည့်လိုက်ကြသည်။ လူရွယ်သည် ရေတွင်းနှင့် ၂ လံကွာလောက်မှ ရပ်၍ မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်နေသည်။ သူ၏ ဖြူဖွေးသော အသားမှာ နေရောင်ကြောင့် နီနေသည်။ မယ်တင်နှင့် တင်ရွှေတို့က ရှက်ယောင်ပြေးကာ ငုံ့နေလိုက်ကြသည်။ အဝတ်လျှော်နေသော အပျိုကလေး နှစ်ယောက်က ပေါ်နေသော ဒူးကို ထဘီစနှင့် ဆွဲဖုံးလိုက်ကြသည်။

သက်ငယ်ဆုပ်ကို ရေလောင်းနေသော ဒေါ်ပုက "ဟုတ်တယ်၊ တင်မြင့်ခွေရွာပဲ" ဟု ပြောလိုက်သည်။

"ကိုဘမောင် မသိန်းတို့အိမ် ဘယ်ဆီနားမှာလဲဗျာ"

mgyoe.com

mgyoe.com

"ရွာလယ်ဆီမှာ တစ်ထပ်အိမ်၊ အိမ်ရှေ့မှာ သလင်းရာကွက်နဲ့ ဆီးပင်ကြီး တစ်ပင်ရှိတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ ... သွားလိုက်ပါဦးမယ်"

ဒေါ်ပုက ဘာမျှ ပြန်မပြော၊ လူရွယ်က ခပ်သွက်သွက် ထွက်သွားလေသည်။

"အရီးပု ဘယ်သူလဲဟင် ..." ဟု မယ်တင်က မေးသည်။

"မသိပါဘူးအေ ... ငါလည်း တစ်ခါမှ မမြင်ဖူးပါဘူး"

"အရာရှိလား ဘာလားမှ မသိဘဲ၊ ဘန်ကောက် ပုဆိုးတွေ ဘာတွေနဲ့"

"ညည်းက သေသေချာချာ ကြည့်လိုက်တယ်ပေါ့လေ"

"ကြည့်တာ ဘာဖြစ်လဲအေ့"

"ရှက်စရာကြီးအေ ... တို့တော့ မကြည့်လိုက်ပေါင်"

"ညည်းက မကြည့်ပေမဲ့ ဟိုက ကြည့်သွားတယ်တော့" ဟု မယ်တင်က ပြုံးဖြဲဖြဲနှင့် ပြောလိုက်သည်။

"ဘာလဲ ကောင်မ၊ ညည်း ကြည့်သွားတာ"

"ငါ့ မကြည့်သေးဘူး ... ညည်း ဒူးခေါင်းကြီး ပေါ်နေတာ ကြည့်ကောင်းလို့ ကြည့်တာဖြစ်မှာပဲ၊ ဟဲ ... ဟဲ ... ဟဲ"

"ညည်းလည်း ပေါ်တာပဲ"

"တော်စမ်းပါအေ ... သွားကြမယ်၊ သက်ငယ်ပျစ်စရာ ရှိသေးတယ်"

✧ ✧ ✧ ✧

"ကိုဘမောင်တို့ အိမ်သားတွေ ရှိသလားဗျို့"

ခုပင် တစ်ထပ် အိမ်ကလေးအောက်တွင် နီးဖြာနေသော ကိုဘမောင်က ဆေးတံကိုက်ရင်း လမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။ လူရွယ်ကို မြင်မှ ဆေးတံကို ချွတ်လိုက်ပြီး လက်တွင် ကိုင်ထားကာ–

"ရှိပါတယ်၊ ဘာကိစ္စပါလိမ့်"

လူရွယ်မှာ ခပ်ပြုံးပြုံးနှင့် ဝင်လာပြီး ကိုဘမောင် အနီးတွင် ရပ်၍ "ကျွန်တော့်ကို မှတ်မိသေးလား"

ကိုဘမောင်သည် ခပ်တွေတွေနှင့် စဉ်းစားသလို ငေးနေသည်။ လက်

mgyoe.com

mgyoe.com

ထဲမှ ဆေးတံကိုဆုပ်၍ တစ်ချက်နှစ်ချက် ယမ်းကာ တံတွေး ခါလိုက်ပြီး "ပြောပါဦးဗျာ ... ကျွန်တော် မမှတ်မိဘူး"

"တင်အောင်ရယ်လေ ... ရန်ကုန်က ဒေါ်သိန်းရှင်သား"

"ဟာ ... ဟုတ်သားပဲ၊ ခင်ဗျား ပြောမှပဲ သိတော့တယ်၊ ကြီးလာလိုက်တာဗျာ၊ အဟုတ်ကို မမှတ်မိပါဘူး၊ ခုမှ ငယ်ငယ်ကရုပ်ကို မှန်းမိတော့တယ်ဗျို့ ... ကြီးကြီးတို့ရော မာကြရဲ့လား၊ ပေါ်လာသေးတယ်ဗျာ .. တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကျွန်တော်တို့ကို သတိရသေးတယ်ပေါ့" ဟု အယ်လ်ဝမ်းသာ အားရပါးရကြီး ပြောလိုက်သည်။

"သတိရပါတယ်ဗျာ ... မမေ့ပါဘူး"

"လာဗျာ ... အိမ်ပေါ်သွားမယ်၊ မတ်တတ်ကြီး မကောင်းပါဘူး၊ အေးအေးဆေးဆေးပဲ မဟုတ်လား"

ကိုဘမောင်က ရှေ့မှ လှေကားဆီသို့ သွားရင်း ခေါ်လိုက်သည်။ တင်အောင်က နောက်မှလိုက်သွားသည်။ လှေကားမှာ နောက်ဘက်မှ မီးဖိုဆောင်တွင် ထောင်ထားသည်။ မီးဖိုပေါ်တွင် မြေရေနွေးအိုးတစ်လုံး တည်ထားသည်။ မီးမတောက်၍ မီးခိုးတွေ အူနေသည်။

အိမ်ပေါ်သို့ ရောက်လျှင် နီးကြောဖျာကြမ်းပေါ်သို့ သင်ဖြူးတစ်ချပ်ထပ်၍ ခင်းလိုက်သည်။ သင်ဖြူးမှာ လိပ်ထားတာ ကြာနေ၍ ဖြန့်လိုက်လျှင် ပြန်လိပ်သွားသည်။ ကိုဘမောင်သည် လိပ်သွားသော သင်ဖြူးကို ပြန့်ဆန့်ပြီး ထိုင်ချလိုက်သည်။

"ကိုတင်အောင် လာဗျာ ... ခင်ဗျား ဒီလောက်ဝေးတဲ့ ခရီးကို ခြေကျင်လျှောက်လာရတာ မောနေမှာပေါ့၊ လှည်းကြုံရင်လည်း စီးလိုက်ခဲ့ရောပေါ့ဗျာ၊ ကျွန်တော့် မှာလိုက်လည်း လှည်းနဲ့ လာကြိုမှာပေါ့။ ထမင်းလည်း ဆာလှရော့မယ်၊ အရီး ဘယ်သွားပါလိမ့်"

ကိုဘမောင်ကား လောကွတ်တွေဝေဝေနှင့် ဧည့်ခံနေသည်။ တင်အောင်သည် သင်ဖြူးပေါ်တွင် တင်ပျဉ်ခွေ ထိုင်ရင်း အပေါ်အင်္ကျီချွတ်၍ ဘေးနားတွင် ပုံချထားသည်။

"ထမင်းစားပြီးခဲ့ပါပြီဗျာ"

"ဒါဖြင့်နေဦး ... ရေနွေးသောက်ရအောင် မီးထိုးလိုက်ဦးမယ်" ဟု မီးဖိုထဲ ဝင်သွားပြီး မီးမှုတ်နေသည်။ ပြီးမှ တိုင်နားတွင် ချထားသော နီး

mgyoe.com

mgyoe.com

ကွမ်းအစ်တစ်လုံးကို ယူ၍ တင်အောင် ရှေ့တွင်ချကာ ကွမ်းသီးတစ်ခြမ်းကို ကွမ်းညှပ်နှင့် စိတ်နေသည်။

"ကိစ္စရှိလို့ လာရင်း ဝင်လာတာလားဗျာ"

"တမင် လာတာပါဗျာ၊ ကိစ္စမရှိပါဘူး"

"ကိစ္စမရှိရင်လည်း အေးအေးနေဦးပေါ့ဗျာ၊ ဂျပန့်ခေတ် တစ်ခေတ်လုံးထဲက ကွဲသွားလိုက်ကြတာ ခုမှပဲ ပြန်တွေ့ရတယ်။ ဒါတောင် ခင်ဗျား လာလို့ တွေ့ရတာဗျို့၊ ကျွန်တော်တို့ တောသားတွေတော့ စားရေးနေရေး တွေနဲ့ပဲ နပန်းလုံးနေရတာ ဒီနှစ်မှပဲ အိမ်မြဲတော့တယ်"

"အရင်အိမ်ကြီးရောဗျ"

"ကွန်မြူနစ်နဲ့ အစိုးရတပ်တွေ တိုက်ရင်းခိုက်ရင်း ကြားက ဘယ်လိုက ဘယ့်နှယ်ဖြစ်ရတယ် မသိပါဘူး၊ ဒီအိမ်အပြင် အိမ် ၅ လုံး မီးလောင်သွား တယ်ဗျ၊ နောက်တစ်နှစ်တော့ မြို့ကိုပဲ ပြေးနေရတယ်၊ မနှစ်က ပြန်ရောက် တော့ ဒီအိမ်ကလေး ဆောက်တောင် မပြီးသေးဘူး၊ မသိန်း သေသွားတာပဲ ဗျာ"

"ဟင် ... မသိန်း မရှိတော့ဘူးလား၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ ကလေး ဘယ်နှယောက် ကျန်ခဲ့သေးသလဲ"

"တစ်ယောက်တည်းပဲဗျ၊ ဘယ်လည်နေသလဲ မသိဘူး၊ ၈ နှစ်သား ရှိပြီ"

တင်အောင်ကား လမ်းဘက်သို့ ငေးကြည့်နေသည်။ ရန်ကုန်ကို ဂျပန် ဗုံးကြဲစဉ်က ရန်ကုန်မှ နတ်တလင်းမြို့ မိတ်ဆွေတစ်ယောက် အိမ်သို့ ပြေးလာခဲ့ကြသည်။ မကြာမီ နတ်တလင်းတွင် စိတ်မချရသဖြင့် သူတို့ မိတ်ဆွေတွေပါ ကိုဘမောင်တို့ တင်မြင်ခွေ ရွာကလေးသို့ ပြေးလာခဲ့ရပြန် သည်။ ကိုဘမောင်တို့၏ သွပ်မိုး ပျဉ်ထောင်အိမ်ကြီးမှာ သူတို့ တခမ်းတနား နေလာခဲ့ရသည်။ အစစ အရာရာတွင် ကိုဘမောင်ရော မသိန်းပါ ကူညီခဲ့သည်။

တင်အောင်မှာ ခပ်ငယ်ငယ်ပင် ရှိသေးသည်။ တောင်ဘက် ရိုးထဲတွင် ကိုဘမောင် ငါးပက်သွားသည့်အခါ သူ အမြဲလိုက်၍ ငါးဖမ်းသည်။ ရေထဲ တွင် ဆော့သည်။ တစ်နွေနှင့် တစ်မိုးလုံး ဒီရွာမှာပဲ နေခဲ့သည်။ မိုးကျွတ်၍ ဆောင်းရောက်မှ နတ်တလင်းမြို့တွင် ခေတ္တ အခြေအနေစုံစမ်းပြီး ရန်ကုန် ပြန်ရသည်။

mgyoe.com

mgyoe.com


ဂျပန်အထွက်တွင်ကား နတ်တလင်းသို့ မလာတော့ဘဲ သူ့ဦးလေးများနှင့်အတူ ဖုံးခိုကျင်း ကောင်းကောင်းတူး၍ ရန်ကုန်မှာပင် နေခဲ့ကြသည်။

ပုဆိုးအစုတ် တစ်ထည်ကို ခေါင်းပေါင်း၍ ထဘီရေစို ရင်ရှားနှင့် သက်ငယ်စည်း ခါးစောင်းတင်ကာ ဝင်လာသော အဒေါ်ကြီး တစ်ယောက်က အိမ်ပေါ်သို့ တစ်ချက် လှမ်းကြည့်ပြီး အိမ်အောက်သို့ ဝင်သွားသည်။

"အရီး၊ လက်ဖက်ရည်နဲ့ သောက်စရာ ဘာအမြည်း ရှိသလဲ" ဟု ကိုဘမောင်က လက်ဖက်ရည်ထည့်ရင်း မေးလိုက်သည်။

"ဟို ကြောင်အိမ်ထဲက ယွန်းခွက်ထဲမှာ ငှက်ပျောခြောက် နည်းနည်း ရှိသေးတယ်"

ကိုဘမောင်သည် မြေလက်ဖက်ရည်ကရားကို လက်မှဆွဲကာ တိုင်ဘေးတွင် ချထားသော ခုံကလေးတစ်ခုပေါ်ရှိ ကရွတ်ပေါ်မှာ တင်လိုက်ပြီး ခုံကလေးကို မ ယူကာ တင်အောင့်ရှေ့တွင် ချလိုက်သည်။ ပြီးမှ ငှက်ပျောခြောက် ပန်းကန်နှင့် လက်ဖက်ရည်ပန်းကန် ၃ လုံးကို တင်လိုက်သည်။

"သောက်ပါ ကိုတင်အောင်၊ ကျွန်တော်တို့ တောမှာတော့ လျောက်လျားပဲ၊ တွေ့ရာ စားပေါ့ဗျာ"

"ဟုတ်ကဲ့ သောက်တာပေါ့"

တင်အောင်သည် ကိုဘမောင် ငှဲ့ထည့်ထားသော လက်ဖက်ရည် ပန်းကန်တစ်လုံးကိုယူ၍ အငွေ့မှုတ်နေသည်။ ပြီးမှ တစ်ကျိုက် သောက်လိုက်သည်။

"ကျောင်းနေတုန်းပဲလား ... အလုပ် လုပ်ပြီလား ... " ဟု ကိုဘမောင်က မေးလိုက်သည်။

"ကျောင်းနေတုန်းပါပဲ"

"ဘယ်နှတန်း အောင်ပြီလဲ"

"ကောလိပ်ရောက်ပါပြီ"

ကိုဘမောင်ကား ကောလိပ်ရောက်ပြီ ပြော၍သာ ကြားလိုက်ရသည်။ ဘယ်နှတန်း အောင်မှန်းကား မသိလေ။ သို့သော် သူ ဆက်မမေးတော့ဘဲ ကောလိပ်ဆိုရင် အတန်းတော်တော်ကြီးတာပဲဟု တွေးလိုက်သည်။

mgyoe.com

mgyoe.com

# အခန်း (၆)

"ခ–ခွေး ခရမ်းသီး ဆားနဲ့မြည်း"

"န–ငယ် ကဏန်းကောင် လက်မထောင်"

ကကြီး ခခွေး လင်္ကာကို ကမောက်ကမ အော်ဆိုကာ ဂျင်ကလေး တစ်ခုကို လက်ထဲဆုပ်၍ ခေါင်းတုံးပြောင် ပုဆိုးကွင်းသိုင်းနှင့် သူငယ်ကလေး တစ်ယောက် ခုန်ပေါက်ကာ ပြေးဝင်လာပြီး လှေကားမှ တဒုန်းဒုန်း တက်လာလေသည်။ ကိုဘမောင်က ပြုံး၍–

"ပြန်လာပြီ လူရှုပ်၊ ဆာလာတယ် ထင်တယ်"

"ဒါ ခင်ဗျား သားလား"

"ဟုတ်တယ် သူပဲ၊ သိပ်ဆော့တာပဲဗျာ ... ဂျင်တစ်ခုနဲ့ လျှောက်လည်နေတာပဲ၊ ဆာမှ ပြန်တယ်၊ ပြီးရင် လည်ပြန်ရော"

သူငယ်ကလေးမှာ လှေကားထိပ် အဝသို့ ရောက်လျှင် အိမ်မပေါ်သို့ တက်တော့မည် ပြုပြီးမှ တင်အောင်ကို မြင်လိုက်သဖြင့် တံခါးပေါက်မှ တံခါးရွက်ကို ကိုင်ကာ ရပ်ကြည့်နေလေသည်။

တင်အောင်က ငှက်ပျောခြောက် တစ်ခုကို ယူ၍ "လာကွ ရော့၊ ငှက်ပျောခြောက် ယူလှည့်" ဟု ပြုံး၍ ခေါင်းညိတ်ပြီး ခေါ်လိုက်သည်။

ကလေးမှာ ရှက်တက်တက်နှင့် ခေါင်းခါပြသည်။ ပြီးမှ "အဖေ့၊ ငါ ထမင်းစားဦးမယ်" ဟု မရဲတရဲ ပြောလိုက်သည်။

"သွားစားလေကွာ" ဟု ကိုဘမောင်က ပြောသည်။

ကလေးသည် ဂျင်ကလေးကို ကြမ်းပေါ်မှာ ပစ်ချပြီး ထင်းရှူးသေတ္တာပေါ်မှ သံပန်းကန်ပြားတစ်ချပ်ကို ဆွဲယူ၍ မြေထမင်းအိုး အဖုံးကို အညာမှ ကိုင်ဖွင့်ကာ ကြမ်းပေါ်သို့ မှောက်ချလိုက်ပြီး အိုးထဲမှ ထမင်းခဲ တစ်ခုကို နှိုက်ယူကာ သံပန်းကန်ပြားတွင် ထည့်၍ "ဘာနှင့် စားရမလဲ" ဟု သူ့အဖေကို လှမ်းမေးလိုက်ပြန်သည်။

"အဲဒီမှာ ကြည့်ကွာ ... ငါးပိကောင်ကြော် ရှိတယ် မဟုတ်လား"

ကလေးသည် ငါးပိကြော် ပန်းကန်ကို ထင်းရှူးသေတ္တာပေါ်မှ ယူလိုက်ပြန်သည်။ ထမင်းပန်းကန်ရော ငါးပိကြော် ပန်းကန်ပါ ပေါင်ကြားတွင်ချ၍ ပေါင်ကို ကားထိုင်ပြီး ထမင်းကို အားရပါးရ ကုန်းစားနေလေသည်။

mgyoe.com

mgyoe.com

တင်အောင်သည် မီးဖိုသို့ လှမ်းကြည့်ရင်း ထမင်းစားနေသော ကလေးကို သဘောကျသလို ပြုံးပြုံးကြီး ကြည့်နေသည်။

"ဟန်ကျတယ်ဗျာ၊ တောက ကလေးတွေ မိဘအပူ မရှာဘူး" ဟု ပြောလိုက်သည်။

"လူကြီးတွေက အလုပ်များလေတော့ သူတို့ကို ဂရုစိုက်ပြီး မကျွေးနိုင်ဘူးဗျာ့။ ဒီတော့ သူတို့ဟာ သူတို့ပဲ ထည့်စားခိုင်းရတယ်၊ နောက်တော့မှ ကြည့်သိမ်းရတော့တာပဲ။ ထည့်မစားတတ်သေးတဲ့ အရွယ်သာ ထည့်ပေးပြီး သူတို့ဟာသူတို့ စားကြတာပဲ"

ကလေးသည် ထမင်းစားပြီး သောက်ရေအိုးစင်တွင် အုန်းမှုတ်ကို အရိုးရှည် တပ်၍ စိုက်ထားသော ရေမှုတ်နှင့် ရေကို ခပ်၍ သောက်လိုက်ပြီး ကြမ်းပေါ်မှ ဂျင်ကလေးကို ကောက်ယူကာ လှေကားမှ တဒုန်းဒုန်း ဆင်း၍ လမ်းပေါ်သို့ ပြေးထွက်သွားလေသည်။

"အရီး ထမင်းစောစော ချက်ဗျာ၊ ဟင်းလေး ဘာလေးလည်း ဖွယ်ဖွယ်ရာရာ လုပ်ပါ"

ကိုဘမောင်က သူ့အရီးကို လှမ်းပြောလိုက်လေသည်။

"ကိုတင်အောင်လည်း ညောင်းရော့မယ်၊ ရေကလေး ဘာကလေး ချိုးပါဦးလားဗျာ့၊ ကျွန်တော်လည်း နွားလွှတ်လိုက်ဦးမယ်"

"အလုပ်ရှိရင် လုပ်ပါဗျာ၊ ကျွန်တော့်အတွက်နဲ့ အလုပ်ပျက်နေပါ့မယ်၊ ဟုတ်တယ်ဗျာ့ နေကလေး အတော်ပြင်းလာလို့ အိုက်လာတယ်၊ ရေတွင်း သွားရအောင်"

"ရေတွင်းမှာ လူတွေ သိပ်ရှုပ်တယ်ဗျာ့၊ အောက်မှာ ရေတွေ ရှိပါတယ်၊ ချိုးပေါ့ဗျာ၊ အားမနာပါနဲ့"

တင်အောင်သည် ဘေးတွင်ချထားသော အပေါ်အင်္ကျီကို ယူ၍ အနီးရှိ ကြိုးတန်းတွင် ဖြန့်တင်လိုက်ပြီးလျှင် ရှပ်လက်ရှည်အင်္ကျီကို မတ်တတ်ရပ်၍ ချွတ်လိုက်ပြန်သည်။ ထိုနောက် စွပ်ကျယ် လက်ပြတ်နှင့် ပုဆိုးကို ပြင်ဝတ်လိုက်ပြီး ကိုဘမောင် နောက်မှ ဆင်းလိုက်သွားသည်။

"အဲဒီ စည်ပိုင်းထဲမှာ ရေတွေ ချိုးပေါ့ဗျာ၊ တန်းပေါ်မှာ ရေလဲလုံချည် ရှိပါတယ်"

"ဟုတ်ကဲ့ ချိုးတာပေါ့၊ ခင်ဗျား နွားကျောင်းသွားရဦးမလား"

mgyoe.com

mgyoe.com

"မသွားပါဘူး၊ နွားကျောင်းတဲ့ ကောင်ကလေးတွေကို ကြည့်လိုက်ပါ မှာလိုက်ရင် သွင်းချိန်တော့ ခြံထဲအရောက် မောင်းပို့ကြပါတယ်"

သက်ငယ်ပျစ်နေသော အရီးပုကတော့ သူတို့ကိုသာ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ ဘာမှ ဝင်မပြော။ သက်ငယ်ကိုသာ ခပ်သွက်သွက် ပျစ်နေသည်။

ကိုဘမောင်မှာ အသက် ၃၅ နှစ်ခန့်ရှိ၍ ရုပ်ရည် အတော် သန့်ပြန့်သည်။ မသိန်း သေပြီးနောက် အိမ်ထောင်သစ်ထူရန် စိတ်ကူးဟန် မတူ။ ဒါ့ကြောင့်သာ သူ့အရီးကို ခေါ်ထားတာ ဖြစ်မှာပဲဟု တင်အောင်က တွေးနေသည်။

အတန်ကြာလျှင် အရီးပုက ထမင်းချက်ရန် အိမ်ပေါ်သို့ တက်သွားသည်။ "အုံးရွှေ ထမင်းစားသွားလိုက်တာကလည်း ပေကျံနေတာပဲဟဲ့" ဟု ပြောသံကြားလိုက်သည်။

တင်အောင်သည် ဟိုလျှောက် သည်လျှောက်နှင့် အိမ်ရှေ့ ဆီးပင်အောက်သို့ရောက်သွားသည်။ ဆီးပင်ပေါ်သို့ မော့ကြည့်ရင်း "ဆီးသီးတွေ အတော်သီးသားပဲ" ဟု ပြောလိုက်သည်။

"သီးပါတယ်ဗျာ၊ ဆီးသီးကတော့ အရင် ခင်ဗျားတို့ ပြေးလာတုန်းက အပင်ငယ်လို့ သိပ်မသီးသေးဘူး။ တံချူရှိတယ်ဗျာ့ ရူးစားပါလား၊ သိပ်မချဉ်ဘူး။ ကျွန်တော်တို့ တစ်ရွာလုံး ဆီးသီးကတော့ ပေါပါတယ်"

တင်အောင်သည် ဆီးပင်တွင် ထောင်ထားသော တံချူနှင့် ဆီးသီးကို ချူနေသည်။ ဆီးသီး စားချင်၍တော့ မဟုတ်၊ အလုပ်မရှိ အလုပ်ရှာ၍ အလကား လျှောက်လုပ်နေမိသည်။ ကိုဘမောင်က အိမ်ခြေရင်းဘက်ရှိ ခြံကြီးဆီသို့ ထွက်သွားသည်။ အတန်ကြာလျှင် ပန်းဂေါ်ဖီ ၂ ပွင့်ကို ကိုင်၍ အိမ်ပေါ်သို့ တက်သွားသည်။

လမ်းပေါ်မှ အပျိုကလေး ၂ ယောက် တင်အောင်ကို စူးစူးစိုက်စိုက် ကြည့်ပြီး သူတို့ချင်း စကားတီးတိုး ပြောသွားကြသည်။ လှည်းတစ်စီးပေါ်မှ လူခပ်ရွယ်ရွယ် ၃-၄ ယောက်က တင်အောင်ကို တစ်ခါမှ မမြင်ဘူးသဖြင့် ကြည့်လိုက်ကြသည်မှာ နွားပင် အသွားနှေး၍ လှည်းရပ်တော့မလောက်ရှိမှ မောင်းသူ လူရွယ်က "ဟဲ့ နွား" ဟု ငေါက်လိုက်ရာ နွားများလန့်၍ ကျောကော့ကာ ခပ်ပြေးပြေး ထွက်သွားသဖြင့် လှည်းပေါ်တွင် ဟိုယိမ်း သည်ယိုင်နှင့် ပါသွားကြလေသည်။

mgyoe.com

m gyi e . c o m

တင်အောင်ကား အသွင်ထူးနေသည်။ ဘန်ကောက်လုံချည်ကို ဒုံးခံဝတ်သကဲ့သို့ ဆီးသီးချူရင်း ဝတ်ထားသည်။ သူ၏ ဖြူဖွေး၍ နုနေသော အသားတွင် စွပ်ကျယ်လက်ပြတ် ဝတ်ထားသဖြင့် လက်မောင်းမှ ကြွက်သားကြီးတွေမှာ ဝင်း၍နေသည်။ "ဒါတော့ မြို့ကလူနဲ့တူတယ်" ဟု သူ့ကို မြင်လိုက်သည့် လူတိုင်းက အကဲခတ်၍ ကြည့်သွားကြသည်။

တောရွာတွင် ဘန်ကောက်လုံချည်ကို ကထိန်ပွဲ၊ ဘုရားပွဲရှိမှ ဝတ်ကြသည်။ ဒါတောင် လူတိုင်း မဝတ်နိုင်ကြ။ တင်အောင်မှာ လဲစရာ လုံချည်လည်း မပါ၊ ဘန်ကောက် လုံချည်ကိုသာ ဝတ်ထားရလေသည်။ ကိုဘမောင်က နီးထိုးနေပြန်သည်။ တင်အောင်က တံချူကို ဆီးပင်တွင် ပြန်ထောင်ထားလိုက်ပြီး–

"ဟိုဘက်ခြံမှာ ကျွန်တော်တို့ အရင် ဒီလာနေတုန်းက အိမ်မရှိဘူး၊ ခြံလွတ်ကြီးပဲ။ အခု ဘယ်ကလူတွေ အိမ်လာဆောက်သလဲ"

"ဒီခြံထဲက လူတွေ အကြောင်းကတော့ အဆန်းသားဗျာ ... သနားစရာလည်း ကောင်းပါရဲ့၊ နတ်တလင်းမြို့ပေါ်က သစ်ကုန်သည် ဦးဘသိုက် ဆိုတာပေါ့၊ ဘာကြာသေးလဲ၊ ပြည်ဘက်က ဆင်းလာတဲ့ ကရင်တပ်တွေ နတ်တလင်းမှာ မီးတွေရှို့တော့ လူက မမာလို့ အသက်ယှဲ့ယှဲ့ကလေးမှာ လှောင်ထားတဲ့ စပါးစည့်တွေ ဆိုင်တွေ မီးလောင်ပြီး အိမ်ကိုပါ ကူးလာတော့ သားယောကျ်ားရယ်လို့လည်း မရှိရှာပဲကို၊ သမီးကလေး နှစ်ယောက်က မနိုင်မနင်းနဲ့ တွဲပိုးပြီး ဆင်းပြေးရတာ။ ဘာကြာလဲဗျာ ... သူနဲ့ အလုပ်တူလုပ်ဖက် ဦးကံကြီး အိမ်ပေါ်မှ ရောက်ရရုံရှိသေး၊ အသက်ပျောက် ရှာတာပါပဲ။ ဒီအထဲ ဆိုးလိုက်တဲ့ ကံနှယ်ဗျာ ... သူ့မယားကလည်း ကြောက်အား လန့်အားနဲ့ အိမ်ပေါ်က အတင်းခုန်ချတာမှာ သေတော့ မသေဘူးဗျို့၊ အတွင်းကြေကြေပြီး အောက်တစ်ပိုင်း သေသွားရော။ ပစ္စည်းဆိုလို့လည်း ဘာမှ မည်မည်ရရ မရလိုက်ဘူး။ ဈေးထဲမှာ သမီးအကြီးကလေး ရောင်းတဲ့ အထည်ဆိုင်လည်း လုယက် ယူသွားလိုက်တာဗျာ ... ကုန်းကောက်စရာ မကျန်ခဲ့ဘူး။ ဒီခြံကြီးကတော့ သူတို့ ကြွေးနဲ့ သိမ်းထားတဲ့ ခြံကြီးပဲ၊ ၄ ဧက နီးနီးရှိတယ်။သရက်ပင်၊ မန်ကျည်းပင်၊ ဆီးပင်၊ အုန်းပင်၊ မာလကာ၊ ရှောက်၊ စကားစိမ်း၊ စကားဝါ စုံပါရောပဲလေ။ သူတို့လည်း ကြံရာမရတဲ့အဆုံးမှာ ဒီခြံကြီးထဲမှာပဲ အိမ်ကလေးဆောက်ပြီး လာနေကြတာ၊ အခုဆို အငယ် ကလေးမက (၁၉)

mgyie.com

နှစ် သမီးလောက် ရှိပြီထင်ပါရဲ့၊ သူတို့ ဦးလေး တစ်ယောက်နဲ့ သစ်ပင်တွေ စိုက်လိုက်တာ တစ်နှစ်၊ တစ်နှစ် အတော်ရတယ်ဗျာ့။ သူ့အမေကဖြင့် ထူမှ ထ နိုင်တော့တယ်၊ အိပ်ရာထဲမှာပဲ နေရတော့တာပေါ့၊ ဝဋ်ကြီးလိုက်တာနော်။ ကျွန်တော်ဖြင့် စစ်ဖြစ်တာများ အတော် ကြောက်တယ်ဗျို့၊ စစ်စကားလည်း မကြားချင်ဘူး၊ တိုက်တာခိုက်တာလည်း မကြားချင်ဘူး။ စစ်ဆိုရင် နယ်ချဲ့စစ်၊ ပြည်တွင်းစစ်၊ လူမျိုးရေးစစ် ဘယ်စစ်မှ ကောင်းကျိုးပေးတာ မဟုတ်ဘူးဗျာ့ ..."

ကိုဘမောင်က လေလျှောက်ကြီး ပြောနေသည်။ တင်အောင်ကတော့ "ကောင်းသောစစ်နှင့် မကောင်းသော ငြိမ်းချမ်းရေး ဟူ၍ မရှိ" ဆိုသော ဘင်ဂျမင်ဖရင့်ကလင်၏ စကားတစ်ရပ်ကို သတိရသွားသည်။ ကိုဘမောင် ကပင် စကားဆက်ပြန်သည်။

"ဒီရွာထဲမှာ ရှိသေးတယ်ဗျာ့၊ တချို့ လူငယ်ကလေးတွေ စိတ်အတော် ရှုနေကြတယ်၊ ချမယ် ဆော်မယ်နဲ့"

"လူငယ်ပီပီ တက်ကြွတဲ့စိတ် ရှိတာတော့ ကောင်းပါရဲ့လေ၊ ကိုယ်တိုင် အစစ်အမှန် ယုံကြည်မှုနဲ့ ထက်သန်မြင့်မြတ်တဲ့ ဆန္ဒသာ လိုတာပါပဲ"

"အဲဒါ အမှန်ဆုံးပဲဗျို့၊ မသိနားမလည်ဘဲနဲ့ စိတ်ထင်ရာ လုပ်နေကြတာကြောင့်သာ ခက်တာ၊ ဝမ်းနည်းဖို့ သိပ်ကောင်းတာပဲဗျာ၊ ကျွန်တော်တို့ ရွာမှာတင် တွေ့ရ ကြုံရတာတွေပေါ့၊ ရဲဘော်ဖြူလာ ရဲဘော်ဖြူ၊ ကွန်မြူနစ်လာ ကွန်မြူနစ်၊ အစိုးရတပ်တွေ ရောက်လာလည်း ဒီလိုပါပဲလေ ... လက်နက်ကိုင် လူစုတွေကို အလွမ်းသင့်ရာ လက်သင့်ရာ ကပ်ပေါင်း၊ သူ့လူနဲ့ ငါ့လူ ကွဲပြား၊ ရွာသားအချင်းချင်းတွေ မသင့်မတင့်ဖြစ်၊ ဖြုန်းခနဲ ဆူဆူပူပူမိုလို့ အပြောင်းအလဲဖြစ်လာရင် ဒါကိုပဲ ချက်ကောင်းယူပြီး ဆော်ကြ နှက်ကြတာတွေ၊ ဆွေမျိုးသားချင်းတောင် မရှောင်ကြပါဘူးဗျာ"

ကိုဘမောင်က ညည်းညည်းတွားတွားကြီး စကားကို ဖြတ်ပြီး ငေးနေသည်။ တင်အောင်က ကိုဘမောင်ကိုပဲ စူးစူးစိုက်စိုက် ကြည့်နေသည်။ အကယ်ပင် စိတ်ထိခိုက်ကာ မသက်မသာ ဖြစ်နေသည်ကို တင်အောင် သိ၍ ကိုဘမောင်၏ စိတ်ဓာတ်ကို မျှဝေခံစားလိုက်ရသလို စိတ်မကောင်း ဖြစ်သွားသည်။ ကိုဘမောင်ကသာ တင်အောင်ကို မကြည့်ဘဲ၊ ထိုးလက်စ နီးတံကို မဲ့ပြုံးကြီးနှင့် ငုံ့ကြည့်ရင်း စကားဆက်ပြန်သည်။

mgyoe.com

mgyoe.com

"တချို့များတော့လည်း ဘာရယ် မဟုတ်တော့ပါဘူး ကိုတင်အောင်၊ အကြွေးရှင်ကို အကြွေးမပေးချင်တာနဲ့လည်း နီးစပ်ရာကို လက်တို့ပြီး သတ်ပစ်တယ်။ ပစ္စည်းကလေး နည်းနည်းပါးပါးရှိတဲ့ လူကို ဓားပြ တိုက်ယူတယ်။ မုန်းတာနဲ့လည်း သတ်ပစ်တယ်။ ဒါတွေဟာ မကြာခဏ အပြောင်းအလဲ အပြုအကွဲတွေ ဖြစ်ရတဲ့ ကျေးရွာပဲပေါ့ဗျာ"

သူ့အသံမှာ အဖြစ်အပျက် အခြေအနေအပေါ်တွင် မကျေချမ်းနိုင်ဟန်ဖြင့် လှောင်သံ၊ သရော်သံ ပါနေသည်။ ထိုနောက်မှ စကားပြော ရပ်သွားကာ ထိုးပြီးသား နီးတံတွေကို အထပ်လိုက် စုစည်းနေသည်။ တင်အောင်လည်း ထိုအခါမှပင် တန်းပေါ်မှ ရေလဲပုဆိုးကို ဆွဲယူကာ ရေချိုးထွက်လာဖြစ်လေတော့သည်။

ညရောက်လျှင် တင်အောင်ကို အထက်ခန်းတွင် အိပ်ရာပြင်ပေးသည်။ ကိုဘမောင်တို့ တစ်အိမ်သားလုံး အိပ်ရာဝင်ကုန်ပြီ၊ ရွာကြီးလည်း တိတ်ဆိတ်နေသည်။ တင်အောင်ကား ခြေကုန်လက်ပန်း ကျသွားသလို အိပ်ရာထဲတွင်သာ လှဲနေရသည်။ အိပ်၍ကား မပျော်နိုင်၊ အရပ်တစ်ပါးသို့ ထွက်ခွာသွားသည်အထိ သူ့အပေါ်တွင် စိတ်နာနိုင်သော သူ့မေမေကိုသာ တွေး၍ဝမ်းနည်းနေသည်။

## အခန်း ( ၇ )

"မမ ထမင်းအတော်ကလေး စားကောင်းပြီလား" ဦးသိန်းဖေက သူ့မမကို ကြင်ကြင်နာနာ မေးလိုက်သည်။

"အင်း ငါးကြင်းသားဟင်းကလေးနဲ့ အတော် စားကောင်းလိုက်ပါတယ်" ဟု ဒေါ်သိန်းရှင်က ပြန်ပြောသည်။

"မောင်စိန် ပြန်လာပြီ၊ နတ်တလင်းအရှေ့ အရင် မမတို့ ပြေးတဲ့ရွာကို သွားသတဲ့"

ဒေါ်သိန်းရှင် မျက်နှာမှာ ဝင်းထိန်သွားပြီး၊ အားတက်သလို အမူအရာနှင့် "ဟုတ်လား၊ မောင်စိန် ဘယ်လိုလုပ် လိုက်သွားသလဲ"

"ကျွန်တော်တို့အိမ်က ထွက်သွားကတည်းက မောင်စိန်ကို ထည့်လိုက်တာ။ သူ ဘယ်သွားသလဲ၊ ဘာလုပ်သလဲ သူ မသိအောင် နောက်ယောင်ခံ

mgyoe.com

mgyoe.com

လိုက်ပြီး စုံစမ်းခိုင်းလိုက်ရတယ်။ မောင်စိန်ဟာ အတော်လည်တဲ့အကောင် မမရဲ့၊ ကျွန်တော်တို့ အကျိုးဆိုရင် မျက်နှာလွှဲနိုင်တယ်၊ အပင်ပန်း အဆင်းရဲ လည်း ခံတယ်။ ဒါ့ကြောင့် သူ့ကို ကျွန်တော့်တစ်သက် သားသမီး တစ်သက် မက သူ အသက်ရှည်သရွေ့ ကျွန်တော် မွေးမှာပဲ"

"မောင်ဘမောင်တို့ဆီမှာဆိုရင် စိတ်ချရပါတယ်။ အဲဒီမှာ မနေဘဲ တခြားကို ထွက်သွားချင် သွားနေဦးမှာ"

"မောင်စိန် ပြောတော့ အေးအေးနေဦးမယ်လို့ မောင်ဘမောင်ကို ပြောသံ ကြားရသတဲ့။ နောက် ၄-၅ ရက် ကြာရင် တစ်ခါ လွှတ်လိုက်ဦးမယ်လေ ... ဒီကောင်လေး ဒီလို မရက်စက်ရင် စိတ်တွေ ပေါ့ပေါ့လေလေဖြစ်ပြီး တစ် သက်လုံး အဖတ်ဆည်မရမှာ စိုးလို့သာ ရက်စက်ရတာ၊ အမွေပြတ် ကြော်ငြာ ကို သူ့ပြပြီး ဆိုလိုက် ကြိမ်းလိုက်ရတာ ကျွန်တော်ဖြင့် ဝမ်းနည်းလို့ မနည်း ဣန္ဒြေဆည်ထားလိုက်ရတယ်၊ သနားလိုက်တာ"

ဒေါ်သိန်းရှင်ကား မတုန်မလှုပ်နှင့် သူ့မောင်ကို ငေးကြည့်နေလေ သည်။

"တော်ပါသေးရဲ့၊ သူ့အမှားကို သူသိသွားတာ"

"မမကိုလည်း ဒီမှာ မရှိဘူး၊ စစ်ကိုင်း ထွက်သွားပြီလို့ ပြောလိုက် တယ်။ ဒါမှ သူ မမကို နောက်ထပ် ဒုက္ခမရှာနိုင်မှာ၊ နို့မို့ရင် တဝဲလည်လည်နဲ့ မမကို မတွေ့၊ တွေ့အောင် သူ လုပ်ဦးမှာပဲ။ ငွေသုံးထောင် ယူတုန်းကလည်း စစ်ပြေးဒုက္ခသည် နှစ်ယောက် အလုပ်မရှိလို့ စားဖို့ ကျပ်နေတာနဲ့ ဆိုက်ကား နှစ်စင်း ဝယ်ပေးလိုက်သေးသတဲ့။ မမသား သူတော်ကောင်းက စေတနာတွေ တော့ အချည်းနှီး မဖြစ်ပါဘူး။ သူတကာ ကောင်းကျိုးတော့ ပေးတတ်ပါ ဘား... ပြီးတော့ သူငယ်ချင်း တစ်စုတစ်ရုံးနဲ့ ရုပ်ရှင် ပြဇာတ်တွေမှာ သုံးဖြုန်း လိုက်တာကလည်း လွန်လွန်းတယ်။ ဒီလိုချည်း လုပ်နေလို့ မိဘပစ္စည်း တိတ်တိတ်ယူတာက ခက်တာပေါ့။ နောက်ပြီး ဟိုတယ်က ကောင်မလေးမျိုးနဲ့ ညားသွားရင် တစ်သက်လုံး လူလုံးမလှ ဖြစ်မှာမို့ ကျွန်တော်လည်း ကြံဖန် လုပ်လိုက်ရတယ်။ မမ ဝမ်းထဲတော့ မချိမဆံ့ ဖြစ်နေမှာပါပဲ"

"ဖြစ်လည်း တဖြည်းဖြည်း ဖျောက်ရတာပေါ့ မောင်လေးရယ်၊ သူ့ကို တစ်သက်လုံး ကောင်းအောင် လုပ်ရတာမို့ မောင်လေး သဘောအတိုင်း ကြည့်လုပ်ပေါ့"

mgyoe.com

mgyoe.com

"ကျွန်တော့်အိမ်မှာ မမ နေရတာ လူမမာ တစ်ဖက်နဲ့ သာပြီး စိတ်မကောင်း ဖြစ်နေမယ်။ ပုဇွန်တောင်က တိုက်ခန်းတစ်ခန်းမှာ မအေးတို့နဲ့ ပြောင်းနေရင် ပိုကောင်းမလားလို့ ..."

"ကောင်းသားပဲ မောင်လေး ... မမ အေးအေးဆေးဆေးနေပြီး တရားစိတ်ကလေး ဝင်စားအောင်၊ ပုတီးစိပ်၊ ကောင်းမှုကုသိုလ် လုပ်နေရအောင်၊ မမအတွက်လည်း မောင်လေးတို့ တာဝန်မပိုအောင်လေ၊ တိုက်ခန်းက ဘယ်တော့လောက် အားမတဲ့လဲ"

"ရှေ့လဆန်းရင် ပြောင်းရမယ်တဲ့ မမရဲ့၊ အဆင့်သင့်ပါပဲ၊ မမ စိတ်ချမ်းသာသလို သွားနေဦးပေါ့။ အောင်အတွက်လည်း စိတ်ပူမနေပါနဲ့၊ မောင်စိန်ကို လွှတ်လိုက်ပါဦးမယ်၊ ဟိုက ဘမောင်တို့ကလည်း ဂရုစိုက်ပါတယ်၊ စိတ်ချနေပါ၊ တခြား ထွက်သွားလည်း အဆင်ပြေအောင် ကြည့်လုပ်ရတာပေါ့၊ သူ့ကိုယ်သူ မှားမှန်း သိလာတဲ့ နောက်တော့ စိုးရိမ်စရာ မရှိပါဘူး၊ ကဲ ကျွန်တော် အလုပ်တိုက် ခဏ သွားလိုက်ဦးမယ်"

"သွား သွား လုပ်စရာရှိတာ လုပ်ဦး၊ မောင်လေး မမအတွက် တာဝန်မပိုပါနဲ့ကွယ်၊ မမလည်း တရားနဲ့ ဖြေနိုင်ပါတယ်။ ဒါနဲ့ မတင်စိန်လည်း အခုတလော တော်တော် ဆူပူလာတယ်နော်၊ မောင်လေးလည်း ဒုက္ခပဲ"

ခပ်တိုးတိုး ကျိတ်၍ ရှိုက်နေသော အသံတစ်သံသည် အတွင်းခန်းဆီမှ ပျံ့လွင့် ထွက်ပေါ်လာလေသည်။ အသံမှာ လှိုက်လှဲစွာ ပူဆွေး တ သ နေသည်ကို အပြည့်အဝ ဖော်ပြနေသော ကရုဏာရသဖြင့် လေးနက် ပေါ်လွင်နေပေသည်။

"သူကတော့ ဆူချင်ဆူတာ မမရဲ့၊ ဝဋ်တရားပေါ့ မမရယ်၊ ကျွန်တော်လည်း တတ်နိုင်သလောက် ဂရုစိုက်ပါတယ်။ အဲ လူလစ်တုန်း တခြား ထွက်ပြေးလို့ ဒုက္ခရောက်မှာပဲ စိုးရိမ်ပါတယ်"

"ထမင်းတွေ ဒိုပြင် အစာတွေတော့လည်း စားနိုင်သားပဲ၊ စိတ်ကို မငြိမ်ချင်ဘူး။ သားနှစ်ယောက်လည်း အမြဲသတိရတယ်၊ အိမ်သားအားလုံးကိုလည်း သူ အသိသားပဲ၊ တစ်နေ့ကတောင် မမကို နေကောင်းရဲ့လားလို့ မေးသေးတယ် ..."

"ဟုတ်ကဲ့၊ တစ်ခါတစ်ခါတော့လည်း စိတ်ကောင်းသလိုပဲ၊ အခုမှ တော်သေးတာ၊ နောက်လထဲတုန်းကများ ငိုလို့ချည်း နေတာပဲ၊ နောက် ၅

mgyoe.com

mgyoe.com

နှစ်လောက်က သေသွားတဲ့သမီးကို အခုလောလောဆယ် သေသလို တ ပြီး ငိုလိုက်တာ လှိုက်လှိုက်လှဲလှဲ၊ ကျွန်တော်တောင် ဝမ်းနည်းလာရောပဲ"

ပြောတွင်း ဆိုတွင်းပင် အခန်းထဲမှ အသံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်နှင့်အမျှ တုန်ယင် အက်ကွဲ၍လာကာ "ဟီး ... ဟီး ... သမီးရေ ... ဘေဘီရဲ့" ဟု အားရပါးရ သံကုန်ဟစ်လိုက်သည်မှာ ကြားရသူတိုင်းတွင် ရင်ထဲမှ ဆို့နင့်လာစရာ ဖြစ်နေသည်။

ဦးသိန်းဖေက "ဒီနေ့တော့ ကျွန်တော် သွားလို့ဖြစ်ဦးမယ် မထင်ပါဘူး မမရယ် ... အရေးဆို မမကလည်း ကိုယ့်ကိုယ်နဲ့ ကိုယ်မှ အနိုင်နိုင်" ဟု မျက်စိမျက်နှာ ပျက်ပျက်နှင့် ပြောကာ စိတ်မောလာသည့်အသွင်ဖြင့် ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

ဒေါ်သိန်းရှင်ကား အဝေးသို့ စူးစူးစိုက်စိုက် ငေးနေသည်။ ပြီးမှ "အင်း ... သားသမီးအပေါ်မှာ မိဘရဲ့ မေတ္တာဟာ ဘယ်လောက်ထိ ချစ်လိုက်သလဲ ဆိုတာ စိတ်တွေ ထိန်းသိမ်းမရအောင် ဖြစ်လိုက်တာ၊ အသည်းနစ်အောင် ဒုက္ခရောက်နေတာပဲ။ ဩော် ဒုက္ခ ... ဒုက္ခ ..."

"သားသမီးကို အဘက်ဘက်က လိမ္မာရေးခြားရှိအောင်၊ သူတို့ အကျိုးရှိရာ ရှိကြောင်း အလုပ်အကိုင်ရဖို့ ပညာရဖို့ နည်းပေးလမ်းပြ၊ ဆုံးမ၊ သွန်သင်ရတာ မလွယ်ဘူး မမရေ့ ... သူတို့ စိတ်ကလေးက တဖြောင့်တည်းလိုက်ပြီး ဆုံးမသွန်သင်သလို နားထောင်ရင်လည်း တော်ပါသေးရဲ့။ နို့မဟုတ်ရင် ပစ်ရမှာလည်း အဆီနဲ့ဝင်းဝင်း ဆိုတာလို ကိုယ့်ရင်သွေး ဆိုတော့ အပြတ်အသတ် မဖြတ်နိုင်လို့ သူတို့ကို ဆုံးမရတာလည်း မိဘ အသည်းနစ်တာပဲ။ ဟဲ့လို့ မငေါက်ရဘဲ အလိုလို သိတတ်တဲ့ သားသမီးမျိုးကို မွေးရတဲ့ မိဘများတော့လည်း ပစ္စည်းဥစ္စာ ဆင်းရဲတာ၊ ချမ်းသာတာ ပဓာန မဟုတ်ဘဲ လိမ္မာတဲ့ သားသမီးအတွက် စိတ်ချမ်းသာစရာ အကွက်ကလေး ရတာပေါ့။ ကျွန်တော့် အကောင်နှစ်ကောင်လည်း အခုတော့ဖြင့် ချီးမွမ်းစရာပါပဲ၊ မိဘဆွေမျိုး စိတ်မချမ်းသာစရာ တစ်ခါမှ မလုပ်ခဲ့သေးဘူး။ မိဘက သူတို့ကို တာဝန်ပေးထားသလို စိတ်ပါလက်ပါ အလုပ်လုပ်နေကြလို့ တစ်နည်းအားဖြင့် စိတ်ချမ်းသာရာ ရပါရဲ့။ နောင်တော့သာ သူတို့ စိတ်ကလေးတွေ ကွေ့ကောက်ပြီး စိတ်ဆိုး စိတ်မိုက် မဝင်ပါစေနဲ့လို့ ဆုတောင်းရတော့တာပဲ။ မိဘကတော့ သူတို့

mgyoe.com

ကောင်းလည်းခံ၊ ဆိုးလည်းခံရုံ ရှိတာပဲ။ နို့ သူတို့ကို သားသမီး ဆိုတော့ ကိုယ်ကမှ မမုန်းရက်နိုင်ပဲ၊ မခံ ဘယ်နှယ့်လုပ်မလဲ”

ဒေါ်သိန်းရှင်က သူ့မောင်ကိုကြည့်၍ ပြုံးယောင်ပြုမိသည်။ သူပြော သည့် စကားတွေမှာ သူကိုယ်တိုင်အဖို့ ဟုတ်နေသည်။ ခံနေရသည်။ မိဘ တိုင်း ဒီစိတ်မျိုးချည်း ထင်ပါရဲ့၊ ကမ္ဘာပေါ်မှာ သူတစ်ယောက်သာ သားဆိုးဒဏ် ခံရသည် မဟုတ်။ တချို့များ မိဘ ဆုံးမတာ မရလို့ ထောင်ကျ၊ ကြိုးပေးခံရ၊ သူများသတ်လို့ သေရနဲ့၊ ဘယ့်လောက်များ မိဘဝမ်းထဲ မချိမဆံ့ ဖြစ်လိုက် မလဲလို့ ...။

အောင် ကတော့ တော်ပါသေးရဲ့၊ ဒီလောက် မမိုက်သေးဘူး။ သူ့ဦးလေး ကလည်း သူ့သား အရင်းကလေးလို တတ်နိုင်တဲ့နည်းနဲ့ ဆုံးမရှာပါတယ်။ အောင်ဟာ သိပ်ပြီး မိုက်ဆိုးကလေး မဖြစ်ခင် တဖြည်းဖြည်းနဲ့ လူကောင်း ကလေး ဖြစ်လာနိုင်သေးတာပေါ့။ သားလေး ချမ်းသာပါစေ၊ လိမ္မာပါစေ ကွယ်။

## အခန်း ( ၈ )

အရှေ့ဘက်ဆီမှ ရောင်နီကလေးတွေ ဖြာဝေ၍ သစ်ပင်အဖျားကလေးများသို့ အရောင်ဟပ်နေသည်။ အနောက်ဘက် ခြံစပ်ရှိ သပြေပင်ကြီးပေါ်မှ ငှက် တော်ကလေးက တီတီတာတာ သံစုံ မြည်ကြွေးနေသည်။

တအီအီ မြည်သံနှင့်အတူ “ဟဲ့ နွား၊ တောက် ဟင်း ... နွားနော်၊ သွားစမ်း မြန်မြန်” ဟု အနောက်ဘက်ခြံထဲမှ ဦးဘိုးသင်းကြီး ဆိုဆိုလှည့် နေသည်။ “အစိန္တေယျ အစိန္တေယျ အပ္ပမေယျ” ဟူသော ဦးကြီးဖြိုး၏ အရဏ် တက်တွင် ဘုရားရှိခိုးသံတွေ ကြားရသည်။

တင်အောင်သည် အိပ်ရာထဲမှ မထသေးဘဲ မှေးနေလေသည်။ ကိုဘ မောင်မှာ အိမ်အောက် စည်ပိုင်းထဲသို့ နွားရေ ခပ်ထည့်နေသည်။ အရိုးပုကား သက်ငယ်တွေကို တရှဲရှဲနှင့် ရေဆွတ်နေသည်။ အုန်းရွှေကလေးက လက် ကားရား၊ ခြေကားရားနှင့် တရှူးရှူး အိပ်တုန်းပင်။ အတန်ကြာမှ တင်အောင် ထ သွားပြီး နောက်ဖေး အိမ်သာသို့ ထွက်သွားသည်။ ကိုဘမောင်က ထန်းပင်မြစ်

mgyoe.com

mgyoe.com

ပြုတ်တွေကို အခွံခွာရင်း လက်ဖက်ရည်ကြမ်း တစ်အိုးနှင့် တင်အောင်ကို စောင့်နေသည်။

"လာဗျာ ... ရေနွေးသောက်ဦး၊ ထန်းပင်မြစ်ရော စားရဲ့လား"

တင်အောင်က မျက်နှာသုတ်ပဝါကို လည်ပင်းတွင် ပတ်ရင်း "စားပါတယ်" ဟု ပြောလိုက်သည်။

"တောမှာတော့ ဆိဆိုင်တယ်ရယ် မဟုတ်တော့ပါဘူးဗျာ၊ ဒီလိုပဲ ကြုံသလို စားကြ သောက်ကြတာပဲ"

"ဖြစ်သလိုပေါ့ဗျာ၊ သြော် ... ဒါထက် ကျွန်တော် အတွေးတစ်မျိုး ရတယ် ကိုဘမောင်ရေ" ဟု တင်အောင်က ဘီးကျိုးကလေး တစ်ခုနှင့် ဆံပင်ကို ဖြီးနေရာမှ ဘီးကျိုးကလေးကို ဘုရားစင်ပေါ် ပြန်တင်လိုက်ပြီး ကိုဘမောင် အနီးမှာ လာထိုင်ရင်း ပြောလေသည်။

"ဘာများလဲဗျာ၊ ပြောစမ်းပါဦး"

"ကျွန်တော် အစတုန်းက ဒီမှာ ၄–၅ ရက်နေပြီး ပြည်ကို သွားမယ်လို့ မှန်းထားတယ်"

"အခု ၄–၅ ရက် ကြာလို့ ခင်ဗျား သွားချင်ပြီပေါ့"

တင်အောင်က ကိုဘမောင်ကို ပြုံး၍ ကြည့်လိုက်သည်။ အခွံသင်ပြီးသား ထန်းပင်မြစ် တစ်ခုကို ခြမ်းလိုက်ပြီး လက်နှစ်ဆစ်ခန့် ချိုးကာ အမျှင်တွေ သင်နေသည်။ ပြီးမှ–

"ဟဲ ... ဟဲ ... ကျွန်တော် မသွားဘဲနေရင် ဘယ်လောက်ကြာကြာ ကျွေးထားနိုင်မလဲ" ဟု ရယ်သွမ်းသွေး၍ မေးလိုက်သည်။

"ခင်ဗျား ကျောင်းမဖွင့်ခင်သာ နေနိုင်မှာပါဗျာ ... ဘယ်လောက် ကြာလို့လဲ နှစ်လပေါ့၊ ကျွန်တော်တို့ တောရွာအလိုက်သာ ခင်ဗျား စားနေနိုင်ရင် နေချင်သလောက် နေပေါ့ဗျာ၊ ကျွန်တော်တို့က လယ်သမားပဲ၊ ဆန်တော့ မရှားပါဘူး။ အဲ ... မြို့မှာလို အချိုစ၊ အချဉ်စ အမျိုးမျိုး မစားရတာတော့ အားနာတယ်ဗျာ ... ဟော ဦးကြီးဖြိုး လာ လာ ... ရေနွေးသောက်ဦး၊ ထန်းပင်မြစ်လည်း စား"

အသက် (၅၀) ကျော်၊ (၆၀) နီးပါးခန့် ခေါင်းတုံးနှင့် ပါးရေတွန့်နေသော ပုပုပြတ်ပြတ် လူကြီးတစ်ယောက် ဝင်လာသည်။

mgyoe.com

mgyoe.com

"အင်း ... မြို့က ညှော့သည်ကို အကောင်းအမွန်တွေ ကျွေးနေပြီ။ ကော်ဖီလေး ဘာလေး မတိုက်ဘူးလားကွ၊ ဟဲ ... ဟဲ ..."

"ကျွန်တော် နွားမတစ်ကောင် မွေးဦးမယ်ဗျာ ... ဒီတော့မှ ဦးကြီးဖြိုး ရော လာသောက်ပေါ့"

"မင်းဟာက ဘယ်တော့ သောက်ရမှာလဲ၊ နွားမ မွေးအောင် စောင့်ရ ဦးမှာလား။ ဟား ... ဟား ... ဟား ..."

ဦးကြီးဖြိုးက စကားပြောလျှင် ရယ်ရွှန်းဖတ်ရွှန်း ပြောတတ်သည်။ ကိုဘမောင်ရော တင်အောင်ပါ ရော၍ ရယ်လိုက်ကြသည်။

"မပျင်းဘူးလားကွ သူငယ်လေး" ဦးကြီးဖြိုးက မေးလိုက်သည်။

"ပျင်းတယ်ရယ်လည်း မဟုတ်ပါဘူး"

"ထမင်းစားလို့ကော ဖြစ်ရဲ့လား၊ ဘမောင်က သူတော်ကောင်းပဲကွ၊ ဘဲတို့ ကြက်တို့ မမွေးဘူး"

"အစားအသောက်အတွက်တော့ ကျွန်တော်က ခံနိုင်ရည်ရှိပါတယ်။ ဂျပန်တော်လှန်ရေးတုန်းက ကျွန်တော်တို့တပ်တွေ ရိုးမတောင်ခြေအရောက် တက်လိုက်တာ၊ ဆင်းရဲလိုက်တဲ့အစား ဆားတောင်မရှိဘူး။ တစ်ခါတလေ ဘူးသီးပြုတ်တို့ ပြောင်းဖူးဖုတ်တို့နဲ့ ပြီးတဲ့အခါ ပြီးရတာပါပဲ"

"အေးဗျာ ... အဲဒီတုန်းက ကိုတင်အောင်တို့များ လိုက်သွားလိုက်တာ ကျွန်တော်ဖြင့် ကြားကြားချင်းဆို ယုံတောင် မယုံမိဘူး။ ဘယ့်နှယ်ဗျာ ... သားတစ်ယောက် အမေတစ်ယောက် ဒါလောက် ချမ်းချမ်းသာသာ နေနိုင် လျက်က စစ်ထဲလိုက်ရတယ်ဆိုတော့ အံ့သြစရာကြီးပဲပေါ့၊ အဲဒီတုန်းက မိဘ တွေတော့ အတော် စိတ်ဆင်းရဲကြရှာမှာ" ကိုဘမောင်က ဝင်ပြောလိုက်လေ သည်။

"ဘယ့်နှယ်လုပ်မလဲဗျာ၊ တစ်မျိုးသားလုံးအတွက်နဲ့ ပတ်သက်လာ တော့ ဗိုလ်ချုပ်အောင်ဆန်းတို့လို တကယ့် အဖိုးတန် အသက်သွေးတွေနဲ့ တောင် စွန့်လွှတ်ပြီး ရင်းနှီးရသေးတာ။ မျက်စိအောက်မှာ နိုင်ထက်စီးနင်း မတရားသဖြင့်တွေ မြင်လာရတော့လည်း ဘယ်မှာ ရှောင်လွှဲနေနိုင်ကြပါမလဲ"

"နို့ အခုတော့ကောဗျာ" ကိုဘမောင်ကပင် မေးသည်။

"ရည်ရွယ်ချက်တစ်ခုကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲနဲ့တော့ ကျွန်တော် ကိုယ့်အသက်ကိုလည်း အသေမခံလို၊ သူများ အသက်ကိုလည်း

mgyoe.com

mgyoe.com

မသတ်လိုပါဘူး။ အထူးသဖြင့် ကိုယ့်အမျိုးသားချင်း သတ်ရမယ့် ကိစ္စမျိုးမှာ သာပြီး စဉ်းစားရမှာပါပဲ"

တင်အောင် အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ စစ်ပြီးခေတ်တွင် ပေါ့ပေါ့လျော့လျော့၊ တေတေပေပေ နေလာခဲ့သော်လည်း သူ့တွင် မီးခဲပြာဖုံးပမာ မျိုးချစ်စိတ် စိတ်ရင်းကောင်းကလေး တစ်ခုတော့ ရှိသည်။ ထိုစိတ်ရင်းကောင်းကလေးကြောင့်ပင် ဖက်ဆစ်ဂျပန်တို့၏ ယုတ်မာရက်စက်မှုများကို သည်းမခံနိုင်၍ ဖက်ဆစ် တော်လှန်ရေးအတွင်းက ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သည်။

ယခုတစ်ကြိမ် တော်လှန်ရေးဟု ကြွေးကြော်ခဲ့ကြသော ပြည်တွင်းစစ်တွင်ကား ဖက်ဆစ် တော်လှန်ရေးတုန်းက ရဲဘော်ရဲဘက်တွေ နှစ်စုသုံးစုမက အစိတ်စိတ်အမြွှာမြွှာ ပဲ့ထွက်ကုန်သည်။ တက္ကသိုလ်မှ ကျောင်းနေဘက် အချို့လည်း မြေပေါ်မြေအောက် ဂိုဏ်းခွဲတွေ အသီးသီးနှင့် တစ်စင်စီထောင်၊ တစ်ဇာတ်စီ ထွက်နေကြသည်။ တင်အောင့်အဖို့တော့ ဘာကိုမှ စိတ်ဝင်စား၍ မရ၊ အဓိပ္ပာယ်ရှာမရ။ သူ အဓိပ္ပာယ်ရှာမရသော နိုင်ငံရေးလောကကြီးတွင်လည်း ဟန်လုပ်၍ မပါဝင်လို၊ စိတ်လေလွင့်ရာမှာ ရေစုန်မျှော၍သာ နိုင်ငံရေးလောကကြီးကို ကျောခိုင်းထားလိုက်သည်။ ခဏမျှစကားဖြတ်သလို ဖြစ်သွားသည်။ ပြီးမှ ထန်းပင်မြစ်တွေ တမြုံ့မြုံ့ ဝါးနေသော ဦးကြီးဖြိုးက စကားဆက်လိုက်သည်။

"အေး ... ရည်ရွယ်ချက်ဆိုလို့ တွေးမိသေးသကွာ၊ ဂျပန်ခေတ်က မြို့က ပြေးလာတဲ့ လူတွေထဲမှာ မင်းကတော် တစ်ယောက် ပါလာသကွာ၊ သမီးကလည်း မရှိ၊ ခွေးပုပုကလေး တစ်ကောင် မွေးထားပြီး သမီး၊ သမီးနဲ့ ချစ်လိုက်တာ၊ သူတို့နဲ့ အတူတူအိပ်တာပဲ။ အဲဒီခွေးကလေးစားဖို့ အမဲခြောက်ကို မုန့်သေတ္တာဘူးနဲ့ သတ်သတ်ထားရတယ်ကွာ၊ အမဲခြောက်ကိုဖုတ်၊ မွနေအောင်ထု၊ ထမင်းနဲ့ နယ်၊ အဲဒါမှ စားတယ်ကွာ။ ခွေးက ဟား ...ဟား ... နောက်တော့ဟေ့ ... အမဲခြောက်လည်း ရှာမရ၊ ဟင်းကျွေးချက်ဖို့ အတော်ရှားနေလို့ လူတွေတောင် တော်သလို လျော်သလို စားနေရတဲ့အထဲ အဲဒီခွေးကလေး ထမင်းမစားတော့ဘူးဟေ့၊ သူ့သခင်ဆိုတာ မျက်နှာကို မကောင်းဘူး။ သမီးကလေး ဘဲဥနဲ့ စားလိုက်စမ်း ... မေမေ ဘဲဥတွေ အများကြီးထည့်ကျွေးမယ်၊ စားနော် သမီးနဲ့ ချော့မော့ကျွေးပါရဲ့၊ ခွေးက ဂရုတောင်

mgyoe.com

mgyoe.com

မစိုက်ဘူး၊ ဟား ...ဟား ... သူတို့နဲ့ အတူပါလာတဲ့ မိန်းကလေးတစ်ယောက်က မနေသာတော့ ညစာဖို့ ကြော်ထားတဲ့ ငါးကြော်ကလေး လာပေးတယ်။ ခွေးအမေက အားရပါးရယူပြီး ထမင်းနဲ့ နယ်ကျွေးလိုက်ပါတယ်။ နမ်းကြည့်ပြီး ဟိုဘက်လှည့် ငူထိုင်နေလိုက်တယ်ကွာ၊ ဟား ... ဟား ... အဲဒီတော့ ခွေးမကလေး ပိုက်ကာ၊ ပိုက်ကာနဲ့ သမီးအတွက် ခက်တယ်။ အမဲသားကလည်း ရှားလိုက်တာ၊ ဘယ်ရှာရပါ့၊ အင်္ဂလိပ်တွေ မြန်မြန်ဝင်ပါတော့ဟယ်၊ ဒီတော့မှ ငါ့သမီးကလေးကို အမဲသားဘူးတွေ ဝဝကြီးနဲ့ ကျွေးပစ်လိုက်မယ်နဲ့ သူ့ခွေး အမဲသားစားရအောင် အင်္ဂလိပ်ကို တ, နေရတာတဲ့ကွာ၊ အဲဒီရည်ရွယ်ချက်မျိုးကော မှတ်လောက်သားလောက် မရှိဘူးလား၊ ဟား ဟား ... ဟား ဟား ..."

တင်အောင်ရော ကိုဘမောင်ပါ ရော၍ ရယ်လိုက်ကြသည်။

"တယ်ဝိုင်းကောင်းပါလားဗျာ့ ..." အသံသစ်တစ်မျိုး ကြားလိုက်ရသည်။

"ဩော် ကိုစိုးတင်၊ မောင်ပိန် လာကြဗျာ၊ ဝိုင်းကောင်းဆို ဦးကြီးဖြိုးရောက်နေတာကိုးဗျာ့" ကိုဘမောင်က လှမ်းခေါ်လိုက်သည်။ စိုးတင်ရော မောင်ပိန်ပါ တင်အောင်ကို လှမ်းကြည့်ရင်း ဝင်ထိုင်လိုက်ကြသည်။

"ရေနွေးသောက်ပါဦးဗျာ" ဟု တင်အောင်က ပြောသည်။

"သောက်ပါ ... သောက်ပါ ... ကျွန်တော်တို့ ပြီးခဲ့ပါပြီ ခင်ဗျာ"

စိုးတင်က ရည်ရည်မွန်မွန် ပြန်ပြောသည်။ မောင်ပိန်က ဘာမှ မပြော၊ တင်အောင်ကိုပဲ ကြည့်နေသည်။

စိုးတင်ကား အသက်အစိတ်ခန့်ရှိပြီး အသားညို၍ ကြံ့ခိုင် ထွားကျိုင်းသည်။ ချွန်ထက် ကြီးမားသော နှာတံ၊ ထက်မြက် စူးရှသော မျက်လုံးတို့ဖြင့် အတော် ဖျတ်လတ်ပုံရသည်။ တင်မြင်ခွေ တစ်ရွာလုံးတွင် စာဖတ် ဝါသနာပါ၍ အတော်အတန် အကြားအမြင်ရှိသူဟု အသိအမှတ်ပြုခံရသည်။ မြန်မာစာ ၇ တန်း အောင်ခဲ့ဖူးသည်။

ဂျပန် တော်လှန်ရေးအတွင်းကနင့် ရပ်ရွာသာမှု၊ နာမှု ကိစ္စများတွင်လည်း အတော်တွင်ကျယ်ပါပေသည်။ သို့သော် တော်လှန်ရေးတပ်ပေါင်းစု ဝင်ရောက်၍ ရဲဘော်ဖြူ၊ ကွန်မြူနစ်တို့ သူ့လူ၊ ငါ့လူ ကွဲပြားချိန်၌ကား ... မပြတ်သားသူဟု ဟိုဘက်၊ သည်ဘက်မှ အစွပ်အစွဲခံရသူ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဗဟုသုတ ရှာဖွေ စုဆောင်းလိုခြင်းကတော့ သူ့ဝါသနာပဲ ဖြစ်သည်။

mgyoe.com

mgyoe.com

ယခုလည်း ကိုဘမောင်အိမ်တွင် တင်အောင် ရောက်နေသည်ကြား၍ ဗဟုသုတ ဆည်းပူးရန် တမင်လာခဲ့ခြင်း ဖြစ်သည်။ တင်အောင်ကို သူ အကျွမ်းတဝင် ဖြစ်လိုသည်။ မေးချင်တာတွေ၊ သိချင်တာတွေ မေးလိုသည်။

"ကိုတင်အောင်ကဗျာ ... ဒီရွာက လူတွေနဲ့ အကျွမ်းတဝင် မရှိခင် ပြန်တော့မလို့တဲ့"

ကိုဘမောင်က စိုးတင်ကို ပြောလိုက်သည်။ စိုးတင်က–

"ကျောင်းဖွင့်မှ ပြန်ပါလားဗျာ ... လာတဲ့ခိုက် စကားလေးဘာလေး ပြော၊ ရွာထဲ လျှောက်လည်ဦးပေါ့"

တင်အောင်က အတန်ကြာ ငြိမ်နေပြီးမှ–

"ဟုတ်ကဲ့ ကျွန်တော်လည်း နေချင်ပါတယ်၊ ပြည်ကို ခဏသွားမယ် ကြံတာပါ၊ အဆင်မသင့်လည်း ပြန်လာချင် လာခဲ့မယ် စိတ်ကူးပါတယ်၊ တထစ်ချတော့ မပြောနိုင်သေးပါဘူး"

"နက်ဖြန်ပဲ ပြန်တော့မလားဗျာ့"

"ဟုတ်ကဲ့၊ နက်ဖြန်ပဲ သွားမလို့ပါ"

"ညတော့ စောစောလာခဲ့ဗျို့ ကိုစိုးတင်၊ ကိုတင်အောင်နဲ့ စကားပြောရအောင်" ကိုဘမောင်က ဝင်ပြောလိုက်သည်။

"ကျွန်တော်ကလည်း ၄–၅ ရက်လောက်အတွင်းမှာမှ အလုပ်များနေတယ်ဗျာ။ စပါးတိုက်၊ ထင်းတိုက်နဲ့ ပြန်ခါနီးမှ လာရတော့တယ်၊ သွားမယ် ဗျာ၊ ညကျမှ လာခဲ့ဦးမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ..." ဟု တင်အောင်က ပြောသည်။ မောင်ပိန်က တော့ ဘာမှမပြောပဲ စိုးတင်နောက်မှ လိုက်သွားလေသည်။

## အခန်း (၉)

ပြည်မြို့သို့ အကြံအစည် အပေါက်အလမ်း တည့်လိုတည့်ငြား သဘောထား၍ တင်အောင် ထွက်လာသည်။ လက်စွပ်၏ အဆက်ကို ရလိုရငြား စုံစမ်းချင် သည်။ ပြီးတော့ ပွဲရုံပိုင်ရှင် ဦးထွန်းထံမှ ငွေကြေး အကူအညီယူ၍ အလုပ် တစ်ခုခုကို ရင်းနှီးလုပ်ကိုင်လျှင် သင့်လျော်လေမည်လား ဟူသော မရေရာ လှသော အကြံအစည် တစ်ခုလည်း ရှိသည်။

mgyoe.com

mgyoe.com


အဆင်သင့်က ပွဲရုံတွင် အလုပ်ဝင်လုပ်တန်လျှင် လုပ်မည်ဟုလည်း စိတ်ကူးသည်။ ဦးထွန်းမှာ သူ့မေမေ ကျေးဇူးနှင့်မကင်း။ ပြည်မြို့ မီးလောင်၍ ဦးထွန်းတို့ ပစ္စည်းများ ဆုံးပါးစဉ်က တောနယ်ဘက်ရှိ သူတို့လယ်မှ သီးစားခ စပါးများကို သိမ်းဆည်း၍ စားသုံးရန် ၃ နှစ်လောက် ဆက်လက် ထောက်ပံ့ဖူးသည်။

ယခုတော့ ဦးထွန်းမှာ ကုန်သည်ပီပီ တက်လမ်းရှာ၍ ကြီးပွားကာ ပွဲရုံပိုင်ရှင် ဖြစ်နေသည်။ သို့သော် သူတစ်ပါး အကူအညီ အမအစကို တစ်ခါမှ မခံယူဘူး၍ ရှက်ရွံ့ဝမ်းနည်း ဖြစ်မိသေးသည်။ ဂနာမငြိမ်သော စိတ်ကို ထိန်းသိမ်း ဖြေသိမ့်ရန်သာ အားတင်း၍ ထားရသည်။ မည်သို့မည်ပုံ ဖြစ်လာမည်ကို မသိနိုင်သေး။

ရန်ကုန်ကိုတော့ သူ စိတ်နာနေပြီ၊ အပျော်အပါး လိုက်စရာ သုံးဖြုန်းစရာတွေ ပေါလှသည်။ ဟိုတယ်မယ်ကလေး၏ ရုပ်ပါရုံကို ကြည့်ချင် မြင်ချင်၍ ဟိုတယ်မှာ ငွေဖြုန်းခဲ့သည်။ မိတ်ဆွေ သူငယ်ချင်းတွေ တစ်စုတစ်ရုံးနှင့် ပွဲလမ်းသဘင် ရှိသမျှကို နှံ့စပ်အောင် လည်ပတ် သုံးဖြုန်းသည်။

ယခုအချိန်မှာတော့ ဖြုန်းချင်၊ သုံးချင်လို့ ဟိုတယ်မရှိ၊ ရုပ်ရှင်ပြဇာတ်ရုံတွေ မရှိ၊ ပွဲလမ်းသဘင် ဆို၍ ကထိန်တောင် ကြီးကြီးမခင်းဝံ့သည့် တောရွာနှင့်သာ သူနှင့်တန်သည် ဟူ၍ပင် အတွေးရောက်မိသည်။ အာရုံတွေများတော့ စိတ်လေ ... စိတ်လေတော့ ထင်တာလုပ်၊ နောက်ဆုံးမှာ စကားနှင့်တောင် ငေါက်ငေါက် မပြောခဲ့သော မေမေ၏ စွန့်ပစ်ခြင်း ခံရသည်။ အခုတော့ သူ့ဘဝ သူ ဖန်တီးရတော့မည်။

ကမ်းနားလမ်းရှိ ဝါးထရံကာ ဆင်ဝင်အိမ် တစ်လုံးထဲသို့ တင်အောင် ဝင်သွားသည်။ "အောင်ပါလားဟေ့" ဟု ဦးထွန်းက သတင်းစာဖတ်ရင်းမှ ခြေသံကြား၍ မော်ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့ ဦးလေးထွန်း"

"ထိုင်လေ ထိုင်ပါ၊ ဒီနေ့ပဲ ရန်ကုန်က လိုက်လာသလား"

တင်အောင်က ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"၄-၅ ရက် ရှိပါပြီ၊ နတ်တလင်း ဝင်ခဲ့ပါသေးတယ်၊ မေမေကြည်တို့ရော မာရဲ့လား ..." ဟု အတွင်းခန်းဆီသို့ ကြည့်၍ မေးလိုက်သည်။

"မာပါတယ်၊ ဦးလေး ပြန်လာလို့ သူ့ပွဲရုံမှာ ကုန်သည်တွေနဲ့ ကုန်ချိန်

mgyoe.com

mgyoe.com

နေတယ်။ ဒါထက်ကွာ ... မင်းသတင်း တွေ့လိုက်လို့ ဦးလေးတို့ စိတ်မကောင်းလိုက်တာ၊ ဘယ့်နှယ် သားတစ်ယောက်ကို ဒါလောက် ရက်စက်လိုက်ပါလိမ့်လို့ အံ့သြမိတယ်။ မင်း မေမေကြည်က ဆိုရင်လည်း ခဏခဏ ပြောနေတာပဲ၊ စိတ်မကောင်းလိုက်တာလို့ ..."

တင်အောင်ကတော့ ငေးလို့သာ နေသည်။

"မတင်တင်ရေ ... လက်ဖက်ရည် ၂ ခွက် ဖျော်ခဲ့ပါဟေ့"

ဦးထွန်းက ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

ခဏကြာလျှင် လင်ပန်းတစ်ခုနှင့် လက်ဖက်ရည် ယူလာသော မိန်းမပျိုကလေးက တင်အောင်ကို တစ်ချက်မျှ ကြည့်ရင်း မျက်နှာခပ်တည်တည်နှင့် စားပွဲပေါ် တင်ထားခဲ့ပြီး ပြန်ဝင်သွားသည်။

"လက်ဖက်ရည် သောက်ဦးကွာ ... ခက်တာပဲ၊ အမေ တစ်ယောက် သားတစ်ယောက်ဟာ ဘယ်ဒီလို အပြတ်ဖြတ်လို့ ဖြစ်မလဲ၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရတယ်၊ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံမှ မရှိတာပဲ"

တင်အောင်က လက်ဖက်ရည်ကို တစ်ကျိုက် သောက်လိုက်သည်။

"တို့ဆီမှာ မင်းနေချင်သလောက်တော့ နေနိုင်ပါတယ်ကွာ၊ ဒါပေမဲ့ မအေကို စောင့်ရှောက်မယ့်လူက မင်းတစ်ယောက်ပဲရှိတာ၊ သူတို့ စိတ်ဆိုးတုန်းမို့ပါကွာ ... ကိုယ်က ငယ်ရွယ်တဲ့လူပဲ၊ မိုက်မိတာ လွန်မိတာတွေကို ဝန်ချလိုက်ရင် မိဘဆိုတာ စိတ်ဆိုးပြေသွားမှာပဲကွ"

ဦးထွန်းက သူ့အတွေးနှင့် သူထင်ရာ ပြောနေသည်။ တင်အောင်ကလည်း ဦးလေးထွန်း စကားကို စိတ်မဝင်စားနိုင်ပဲ သူ တွေးချင်ရာသာ တွေးနေသည်။

"ဦးလေးထွန်းတို့ လုပ်ငန်း တော်တော်ဖြောင့်ရဲ့လားဗျာ"

ဦးထွန်းမှာ သူပြောတာ တလွဲ၊ တင်အောင် မေးတာ တခြား ဖြစ်နေ၍ နေရာကို ပြင်ထိုင်လိုက်ပြီး "တို့အလုပ်ကတော့ကွာ ခပ်နှေးနှေးပဲ လုပ်နေရသေးတယ်၊ လမ်းပန်းကလည်း သိပ်မသာလှဘူးကွ" ဟု စိတ်မပါသလို ပြောလိုက်သည်။ သူ ပြောချင်တာက တင်အောင်ကို လိမ္မာရေးခြားရှိဖို့ ပြောချင်သည်။ အချိန်မှာ အမှောင်ကလေး ပျိုးလာပြီဖြစ်၍ အိမ်မျက်နှာကြက် ဓာတ်မီးပွင့်မှ မီးလင်းလာသည်။ ဦးထွန်းက လက်ဖက်ရည်ပူပူကို မှုတ်ကာ

mgyoe.com

တစ်ကျိုက်ချင်း နားနားနေနေ သောက်လိုက်ပြီးမှ ပန်းကန်ကို စားပွဲပေါ် ပြန်တင်လိုက်သည်။

"အေးလေကွာ ... ခေါင်းအေးအေးနဲ့ စဉ်းစားဦးပေါ့၊ ဟုတ်လား။ ဦးလေး လိုက်ပို့ပေးပါ့မယ်ကွာ ... အားမငယ်ပါနဲ့၊ မမက ဦးလေး ပြောရင် ရပါတယ်။ ကဲ ဦးလေး ပွဲရုံသွားဦးမှပဲ၊ အိမ်မှာတော့ တင်တင်နဲ့ ကောင်မလေး တစ်ယောက်ပဲ ရှိတယ်။ ပျင်းရင် လိုက်ခဲ့ပါလား"

ဦးထွန်းသည် ပြောရင်းဆိုရင်းနှင့် အင်္ကျီချိတ်မှ အပေါ်အင်္ကျီကို ယူဝတ်လိုက်သည်။

"ကျွန်တော့် မလိုက်တော့ပါဘူး ဦးလေး"

"အေး အေး မလိုက်ချင်လည်း နေခဲ့ပေါ့ကွာ"

ဦးလေးထွန်း ထွက်သွားမှ တင်အောင်တွင် သက်ပြင်းချကာ ပြောသွားသော စကားတွေကို တွေးမိပြန်သည်။ သူ့အား ကျောင်းပြေး တစ်ယောက်ကို ကျောင်းလိုက်ပို့သလို သူ့အမေဆီ မပြန်ဝံ့၍ သူတို့ထံ အကူအညီတောင်းရန် လာသည့်အနေနှင့် ပြောနေသည်။ တင်အောင်က ပြန်သွားဖို့ကို စိတ်ကူးတောင် မထည့်မိ၊ သူ့ကို သရော်လိုက်သည့် ဦးလေးနှင့် ရန်ကုန်မြို့ကြီးကို သူ စိတ်အနာကြီး နာနေသည်။

မကြာမီ ဦးထွန်းနှင့် ဒေါ်ဒေါ်ကြည် ပြန်လာသည်။

သူတို့မှာ သမီး မရှိ၊ တင်အောင်နှင့် ရွယ်တူ သားတစ်ယောက် ဆုံးသွားသည်။ ပြည်မြို့မှာ တင်အောင့်အဖေ အလုပ်နှင့် ပြောင်းလာစဉ်က သူတို့နှင့် အတော်ခင်မင်သည်။ တင်အောင်နှင့် သူတို့ သားကလေးကလည်း လူငယ်ချင်း အတော်ခင်သည်။

ထိုနောက် အခိုက်သင့်ပင် ဒေါ်ဒေါ်ကြည် အစ်ကိုတစ်ယောက်၏ သမီးကလေး တင်တင်မှာ မိဘ ၂ ဦးစလုံး ဆုံးသွားသဖြင့် ဒေါ်ဒေါ်ကြည်တို့ကပင် သမီးအဖြစ် ယူမွေးထားသည်။ သမီးအရင်းကလေးနှင့် မခြားချစ်ကြရှာသည်။ တင်တင်ကလည်း မိဘအရင်းလို ပြုစုသည်။ အိမ်မှုကိစ္စ၊ ဧည့်သည်ဝတ္တရားတွေကို သူ အကုန် ကျွမ်းကျင်နားလည်သည်။ တင်အောင်ကိုလည်း အလွန်ခင်သည်။

ရန်ကုန်ပြောင်း၍ တင်အောင် အဖေ ဆုံးပြီးသည့်နောက်မှာလည်း အဆက်အသွယ်မပြတ်။ ရင်းရင်းနှီးနှီးပင် ဝင်ထွက်သွားလာခဲ့သည်။ တင်အောင့်

mgyoe.com

mgyoe.com

တို့ကတော့ ဘိုးဘွားမိဘ အမွေများဖြင့် ကြွယ်ဝသူများ ဖြစ်သဖြင့် သူတို့ အတိဒုက္ခရောက်စဉ်က ကူညီခဲ့သည်ကို ဦးထွန်းနှင့် ဒေါ်ဒေါ်ကြည်သာမက တင်တင်ကပါ ကျေးဇူးတင်၍ မဆုံးနိုင် ...။

ယခုတော့ တင်အောင် သတင်းကြားရ၍ တင်အောင် စိတ်မကောင်း ဖြစ်နေမှာပဲဟု တင်တင်ကလည်း ဝမ်းသာအယ်လဲ စကားမပြော၊ ဝမ်းထဲမှသာ သနားနေသည်။

"သူ့ကို ကြီးကြီး ဒေါ်သိန်းရှင်က သိပ်ချစ် သိပ်အလိုလိုက်ရက်သားနဲ့ သူက ဘာလို့ ဆိုးပါလိမ့်။ ရန်ကုန်မှာ ဆိုတော့ လူငယ်တွေ ပျက်စီးဖို့ လမ်းက များတယ်ထင်ပါရဲ့။ ဖြစ်မှဖြစ်ရလေ ကိုကိုအောင်ရယ် ... ရှေ့တက် လမ်းတွေ အများကြီး ရှိနေသေးတာ၊ ဒီတစ်ခါနဲ့ ပြီးရတော့မလို ဖြစ်နေပြီ။ ဖေဖေက အိမ်ပြန်ပို့ပေးမယ်ဆိုလို့ တော်ပါသေးရဲ့။ ဖေဖေ ပြောရင်တော့ ကြီးကြီးက လက်ခံမှာပါပဲ"

တင်တင်က တင်အောင်အတွက် အိပ်ရာပြင်ရင်း စိတ်ကူးနှင့် တွေး နေသည်။ ဒေါ်ဒေါ်ကြည်ကတော့ တင်အောင့်ပခုံးကိုကိုင်ရင်း မျက်ရည်ကျ ရှာသည်။

"အောင်ရယ် မမျှော်မလင့်တာတွေ ဖြစ်လာလို့ မေမေကြည် စိတ် မကောင်းလိုက်တာကွယ်"

တင်အောင်က ဘာမှ ပြန်မပြောဘဲ မျက်စိကလေး ပေကလတ် ပေကလတ် လုပ်ကာသာ ပြန်ကြည့်နေသည်။

"ကဲ ကဲ အောင် စိတ်အေးအေးနေ ကြားလား၊ မေမေကြည် မွေးထား မှာပေါ့၊ ဘာမှ အားမငယ်နဲ့" ဒေါ်ဒေါ်ကြည်က တင်အောင်ကို နှစ်သိမ့်လိုက် သည်။

ဒေါ်ဒေါ်ကြည်က ဒေါ်သိန်းရှင်၏မေတ္တာ တင်အောင်အပေါ်မှာ မည်မျှ စူးရှသည်၊ ဖအေတူ ကလေးမို့ သူ့အဖေကို တစ်သက် မမေ့နိုင်အောင် သတိ ပေးသလို ဖအေ့ အမူအရာ၊ ဖအေ့ရုပ်၊ ဖအေ့အသံနှင့် ချွတ်စွပ်တူတဲ့ သား ကလေးဟု အမျိုးမျိုး အမွှမ်းတင်ကာ မည်မျှ အလိုလိုက်ခဲ့သည်တို့ကိုသာ မက အတွင်းအပြင် ပစ္စည်း ဘယ်မျှရှိသည်ကို အကုန်သိသည်အထိ ရင်းနှီး သဖြင့် မကြာခင် စိတ်ဆိုးပြေသွားမှာပဲ၊ တစ်သက်လုံး ဘယ်တော့မှ ပစ်မထား

mgyoe.com

နိုင်ပါဘူးဟု ယုံကြည်သည်။ သူ့မွေးစားသမီးကလေးနှင့်လည်း တင်အောင်ကို ပင် စိတ်ထဲမှ ရည်ရွယ်မိသည်။

တင်အောင်သည် သူ့အတွက် တင်တင် ခင်းပေးသော အိပ်ရာတွင် လှဲနေသည်။ ငွေကြေးနှင့် အလုပ်အကိုင်အတွက် စပ်လျဉ်း၍ ဘာကစပြီး ပြောရမည်ကို မတွေးတတ်အောင် ရှိနေသည်။ တစ်သက်နှင့် တစ်ခါ သူ တစ်ပါးထံတွင် ငွေရေးကြေးရေးနှင့် စပ်ဆိုင်၍ မပြောခဲ့ဘူးသဖြင့် အတော် စိတ်အိုက်နေသည်။ သုံးတော့ လွယ်လွယ်ကလေး ကုန်သွားပေမယ့် ရအောင် ရှာတော့ အတော်ခဲယဉ်းမှန်း သူ ကောင်းကောင်းကြီး သိလာသည်။

တင်အောင်တစ်ယောက် ရွှင်လန်းဝမ်းသာ စကားမပြော၊ စိတ်အတော် ထိခိုက်နေသည်ကို ဦးထွန်းရော ဒေါ်ကြည်ကြည်ပါ သိကြသည်။ သို့အတွက် သူတို့ကလည်း အလိုက်သိစွာ လွတ်လွတ်လပ်လပ် သဘောရှိ နေနိုင်ရန် ခွင့်ပြုထားကြသည်။ တင်အောင် စောစောစီးစီး အိပ်ရာဝင်သည်ကိုပင် "ဟုတ်တယ်၊ အောင် ခရီးပန်းနေပြီ၊ အိပ်တော့ အိပ်တော့" ဟု သက်ညှာစွာ ပြောကာ မေမေကြည်ကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။

အိမ်ရှေ့ ဧည့်ခန်းစားပွဲတွင် စာရင်းရှင်းနေကြသည်။

"ထန်းလျက်အချိန် (၃၀၀) နဲ့ ငါးခြောက်အချိန် (၇၀) ဖိုး ငွေမချေရ သေးဘူး။ ကိုထွန်းများ ငွေယူလာမလားလို့ ကုန်သည်တွေ စောင့်တောင် နေကြသေးတယ်"

"မိချောင်းရဲက ပွဲစား လာမလားလို့ မျှော်နေတာ မလာဘူးကွ၊ ဒါဆို ရင် ငွေ ၇၀ဝိ ကျော်ကျော် လိုနေတာပေါ့"

"ပွဲရုံမှာရှိတဲ့ ငွေတော့ ငါးပိနဲ့ ငါးခြောက်ဖိုး တစ်ဝက်ချေလိုက်လို့ ကုန်ပြီ၊ မနက်သဘော်ာ မထွက်ခင် စောစော လာယူပါလို့ မှာလိုက်တာပဲ။ ကျွန်မလည်း မိချောင်းရဲက ပွဲစား လာပြီထင်လို့ ချိန်းလိုက်တာ"

"ကိုဘသင်တို့ ပွဲရုံမှာ ခဏယူရင် ရမလားပဲ" ဟု ဦးထွန်းက ခပ်လျော့ လျော့ လေသံနှင့် ပြောလိုက်သည်။

"ကိုဘသင်တို့ ပွဲရုံကို ကုန်တွေကျလိုက်တာ နည်းရော့လား၊ ငွေ မရှိတော့လို့ ကျွန်မတို့ဆီ ပို့ပေးတဲ့ ထန်းလျက်ပေါ့။ လာနေကျ ကုန်သည် လည်း မဟုတ်တော့ ငွေမချေနိုင်ရင် နောက် မိတ်ပျက်မှာ စိုးရတယ်။ ဖက် လည်း ၃ ပို ဝယ်လိုက်တယ်။ ငွေမချေရသေးပေမဲ့ ဖက်သည်က မိတ်ဟောင်း

mgyoe.com

mgyoe.com

ဆွေဟောင်းလည်း ဖြစ်တယ်။ သင့်တော်မယ့် ကုန်ကို ပြန်တင်ဖို့ စုံစမ်းဦးမယ် ဆိုတာနဲ့ သူ့ကိုတော့ ၃–၄ ရက် ဆိုင်းထားလိုက်တယ်"

ဦးထွန်းကား စာရင်းစာရွက်တွေကို စီထပ်နေသည်။ အတန်ကြာမှ စိတ်ကူးရသလို ,"ကဲ ... ဒါဖြင့် သိပ်မိုးမချုပ်ခင် ဦးစိန်လှတို့ဆီ သွားပြီး ခဏလှည့်ဦးမှပဲ" ဟုပြောရင်း အပေါ်အင်္ကျီကို ချိတ်မှဖြုတ်၍ ဝတ်လိုက်ပြီး ထွက်သွားသည်။

ဒေါ်ဒေါ်ကြည်က တင်အောင်အပါးသို့ ခြေဖျားထောက်ကာ ဖြည်းဖြည်း သာသာ လာရပ်သည်။ မလှုပ်မယှက်နှင့် တစ်ဖက်သို့ လှည့်စောင်းနေသော တင်အောင်အား အိပ်နေရှာပြီ ထင်ပါရဲ့ဟု ကြည့်ရုံသာ ကြည့်ပြီး ပြန်လှည့်ထွက်သွားသည်။

တင်အောင်ကား သူတို့ပြောသမျှ စကားကို အကုန်ကြားသည်။ ငွေနှင့် ရင်းနှီးပြီး အလုပ်လုပ်သူများမှာ ငွေအရေးကြီး၍နေကြောင်း သူ သိရပြီ။ သူ ကြံစည်ထားသော အကြံအစည်တွေ အလိုလို ပျောက်ကုန်သည်။ ရှေ့ကို ဆက်၍ ဘာလုပ်ရမည်ဆိုတာ သူ စဉ်းစားမရအောင် ဖြစ်နေသည်။ သူတို့ အိမ်တွင် နေမည် ဆိုလျှင်တော့ သူတို့က ကျွေးထားနိုင်မှန်း သိသည်။ ဆွေမျိုး မဟုတ်သည့် သူစိမ်းတစ်ရုံဆံ အိမ်တွင် အလုပ်မရှိ၊ အကိုင်မရှိနှင့် ကပ်ပါး လုပ်၍ မနေချင်။

ဦးထွန်းက သူ့ကို ထင်ရာသွား၊ ထင်ရာလုပ်နေမည်စိုး၍ ရန်ကုန်ကို ပြန်စေချင်သည်။ ဒေါ်သိန်းရှင်ကို လက်ခံပါမည့်အကြောင်း သူ လိုက်ပြော ပေးမည်ဟု တကယ့်စေတနာနှင့် ပြောသည်။ တင်အောင်ကား သူ့မေမေကို အောက်မေ့တာကလွဲ၍ ရန်ကုန်ကို စိတ်နာသည်။ ရန်ကုန်က ဟိုတယ်မယ် ကို စိတ်နာသည်။ သူ့ဦးလေးက ဆိုလိုက် ပြောလိုက်တာတွေကိုလည်း သူ မမေ့နိုင်။ ပြန်ဖို့ကို တစ်ခါမျှ မတွေးမိ။ ပြန်ချင်စိတ်လည်း မရှိ။

မနက်မိုးစင်စင်လင်းမှ တင်အောင် အိပ်ရာက နိုးလာသည်။ ဦးလေး ထွန်းရော မေမေကြည်ပါ ပွဲရုံကို စောစောထ၍ သွားကြသည်။ တင်တင်က မျက်နှာသစ်ရန် သွားတိုက်ဆေး၊ သွားပွတ်တံ၊ မျက်နှာသုတ်ပဝါ အသင့် ပြင်ထားသည်။ တင်အောင် မျက်နှာသစ်ပြီး အတော်ကြာလျှင် ပေါင်မုန့် ယိုသုတ် တစ်ပန်းကန်နှင့် လက်ဖက်ရည် လာပို့သည်။

mgyoe.com

mgyoe.com

"မေမေကြည်တို့ ပွဲရုံကို သွားကုန်ပြီထင်တယ်"ဟု တင်တင်ကို မေးလိုက်သည်။

"ဟုတ်ကဲ့ ... သွားပါပြီ"

"ဘယ်အချိန်လောက် ပြန်လာတတ်သလဲ"

"အိမ်မှာ ကိစ္စရှိရင် အချိန်ရယ် မဟုတ်ပါဘူး ပြန်လာပါတယ်။ ပွဲရုံမှာ အလုပ်များရင်လည်း ထမင်းပို့ပေးရပါတယ်။ ညမှ ပြန်လာကြပါတယ်"

တင်တင်သည် နိုင်လွန်လက်တို အဝါနုရောင်နှင့် အဝါခံ အစိမ်းနှင့် အဖြူ ပွင့်ရိုက်၊ သရက်ထည် ထဘီကလေးကို ဝတ်ထားသည်။ သူ့မျက်နှာကလေးမှာ တရုတ်ဆန်ဆန် ကပြားမကလေးနှင့် တူသည်။ အရပ်ကလေးကလည်း ပုပျပ်ပျပ်နှင့် ချစ်စရာ ကလေးမလေး တစ်ယောက်လို တင်အောင်က ကြည့်နေသည်။ သူတို့ ပြည်မြို့မှာ နေတုန်းက ဂါဝန်ဝတ်ကလေးနှင့် ကျောင်းတက်သည်ကို တွေးမိသည်။

"ဒီမှာ တင်တင် ... ဦးလေးထွန်းနဲ့ မေမေကြည် လာရင် ပြောလိုက်ပါနော်၊ ရန်ကုန်ကို မပြန်ချင်လို့ တခြားကို ထွက်သွားပြီလို့ ..."

တင်အောင်က ပြောပြောဆိုဆို အပေါ်အင်္ကျီကို ယူ၍ ဝတ်လိုက်သည်။ တင်တင်က တွေတွေကလေး စိုက်ကာ တင်အောင်ကို ကြည့်နေသည်။ တင်အောင်က ဖိနပ်စင်သို့ သွား၍ ခြေအိတ်ကို စွပ်နေသည်။

"ကိုကိုအောင် ဘယ်ကို သွားမှာလဲဟင် ..." တင်တင်က ခပ်လောလော ကလေး မေးလိုက်သည်။

"ဘယ်ရယ်လို့ မပြောတတ်သေးဘူး တင်တင်၊ မေမေကြည်တို့ လာရင် သာ သွားပြီလို့ ပြောလိုက်နော်"

"ကိုကိုအောင်ကလည်း ... ဒီမှာနေရင် ပြီးရော၊ မေမေတို့က နေနိုင်ပါတယ်လို့ ပြောသားနဲ့"

"ဒီလိုချည်းနေလို့ မဖြစ်သေးလို့ပေါ့ တင်တင်၊ မေမေကြည်တို့ကို ကျေးဇူးတင်ပါတယ်ကွာ၊ ကဲ သွားမယ်နော်"

တင်တင်က ဘာမှ မပြောနိုင်တော့ဘဲ အိမ်ပေါ်မှ ဆင်းသွားသော တင်အောင်ကိုသာ မျက်စိတစ်ဆုံး ကြည့်မျှော်နေလိုက်သည်။

mgyoe.com

mgyoe.com

## အခန်း ( ၁၀ )

တင်အောင် ဘူတာသို့ တရွေ့ရွေ့ သွားနေသည်။ သူ့စိတ်တွေမှာ ဘာကိုမှ အတိအကျ မရှိ။ "ထွက်လို့သာ လာရတယ်၊ ငါ ဘာကောင်ပါလိမ့်" ဟု ပွဲထဲက လူပြက်ပြောသလို ဘယ်ဆီ ဘယ်ကမ်းဆိုက်၍ ဘာကို လုပ်ရမည် မသိလောက်အောင် ဦးနှောက်တွေ ခြောက်နေသည်။

ငါ မိုက်တယ်၊ ငါ မှားတယ်၊ မေမေ့ကို စိတ်မကောင်းအောင် လုပ်မိတာတွေ ငါ့ကို ဒဏ်ပြန်ထိနေပြီ။ ဦးလေးဖေက မင်း ဘယ်တော့မှ လူမွေးပေါက်မှာ မဟုတ်ဘူးဆိုတာ မခံချင်လွန်းလို့ လူမွေးပေါက်ရမယ်၊ ဘာလို့ မပေါက်ရမှာလဲလို့ စိတ်ထဲက ကြုံးဝါးလိုက်မိတယ်။ ကဲ လူမွေးပေါက်အောင် ဘယ်လိုလုပ်ရပါ့။

လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ဘယ်ကစ၍ ဘာကိုလုပ်မလဲ၊ ငါ အခု ဘယ်ကိုသွားရမလဲဟု သူ့ကိုယ်သူ ဝေဖန်ပိုင်းဖြတ်၍မရ ဖြစ်နေသည်။

"ဟေ့ အောင် … ဘယ်ကို သွားမှာလဲကွ" ဟု အသံကြားရမှ ရုတ်တရက် လန့်သလို ဖြစ်သွားသည်။ ဆိုက်ကားတစ်စီးပေါ်မှ ခပ်မြန်မြန် ဆင်းလာသော ဦးလေးထွန်းကို တွေ့ရသည်။ တင်အောင်သည် ခြေလှမ်းရပ်၍ ဦးထွန်းကို ကြည့်နေသည်။

"မင်း ထင်ရာလုပ်နေရင်တော့ ခက်ကုန်တော့မယ်။ ငါ အခုပဲ အိမ်ရောက်တယ်။ မင်းကို မတွေ့လို့ တင်တင်က ထွက်သွားပြီ ပြောတာနဲ့ ငါ လိုက်ရှာလာတာ။ လာကွာ … ဘယ်မှ မသွားပါနဲ့၊ နက်ဖြန်တော့ ဦးလေး ရန်ကုန်ကို ပြန်ပို့ပေးပါ့မယ် ပြောထားသားနဲ့ဟာ၊ မင်း စိတ်ကူးမလွဲပါနဲ့၊ သားတစ်ယောက် မအေတစ်ယောက်တည်းဟာကို မင်း ထင်ရာလုပ်နေလို့ မဖြစ်ဘူး၊ လာ သွားမယ်၊ အိမ်ပြန်မယ် လာ …"

"ကျွန်တော် မလိုက်တော့ဘူး ဦးလေးထွန်း" တင်အောင်က တိုးတိုးပဲ ပြောလိုက်သည်။

"ထင်ရာတွေ စိတ်လေလိုက်မနေပါနဲ့တော့ အောင်ရယ်၊ မမဆီ ရောက်ရင် မင်းကို လက်ခံရစေ့မယ်။ ဦးလေး တာဝန်ထားလိုက်၊ လာ… လာ … ပြန်ကြမယ်"

ဦးလေးထွန်းကား ကရုဏာ စေတနာနှင့် တာဝန်ခံရှာပါ၏။ သူ့

mgyoe.com

mgyoe.com

မေမေက လက်ခံဖို့၊ မခံဖို့ကို တင်အောင် မလိုလား မမျှော်လင့်။ သူ့အပြစ်နှင့် သူ ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ထင်သလို ကြံ၍ ထင်ရာလုပ်တော့ မည်။ ရန်ကုန်ကို သိကြားမင်းကြီး ဆင်းခေါ်တောင် လိုက်ဖို့ စိတ်ကူးမထည့်။ ယခုတော့ ဦးလေးထွန်းက ကျောင်းပြေးတစ်ယောက်ကို ကျောင်းပြန်ပို့ပြီး ဆရာ မရိုက်အောင် ပြောပေးမည့် ပုံမျိုးလို ပြောနေသည်။

တင်အောင် စိတ်က ဘယ်နည်းနဲ့မှ လိုက်ဖို့မတွေး၊ ပြင်းပြင်းထန်ထန် ပင် ငြင်းဆန်တော့သည်။ "မေမေလည်း ရန်ကုန်မှာ မရှိဘူး ဦးလေးထွန်း၊ ပြီးတော့ ဦးလေးဖေကလဲ" တင်အောင် ရှေ့သို့ဆက်၍ မပြောလိုတော့ပေ၊ ရင်ထဲမှာ ဆို့လာသည်။

"မမ ဘယ်သွားသလဲ"

"စစ်ကိုင်းကိုတဲ့"

"ဒါဖြင့် သူပြန်ရောက်ချိန် ဘယ်တော့လဲ ... ဦးလေး စာရေးပြီး မေး လိုက်မယ်၊ အဲဒီတော့မှ သွားကြပေါ့၊ အခုတော့ ဦးလေး အိမ်မှာပဲ နေဦးပေါ့၊ ကဲ–လာ"

"ခက်နေပါပြီ ဦးလေးထွန်း တစ်ယောက်ကလဲ၊ မေမေတို့ကို ကြောက် လို့ ပြေးလာတာမှ မဟုတ်ဘဲနဲ့၊ ကိုယ့်အပြစ်နဲ့ကိုယ် သူတို့က စွန့်လွှတ်လိုက် တော့လို့ဟာကို ပြန်ဖို့ပဲ ပြောနေတာပဲ" ဟု တင်အောင်က စိတ်ထဲမှ ပြော လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦးလေးထွန်း၊ ကျွန်တော် တခြားမှာ ကိစ္စကလေး တွေ ရှိနေသေးလို့ပါ"

တင်အောင်က ရည်ရွယ်ချက် မရှိသေးသော ကိစ္စကို မှန်း၍ ပြော လိုက်သည်။

"ဘာကိစ္စလဲကွာ ... မင်းလို စိတ်ညစ်နေတဲ့ လူတစ်ယောက်ရဲ့ ကိစ္စ ဟာ အကောင်းလား၊ အဆိုးလား ငါ မသိနိုင်ဘူး။ မင်း တို့အိမ်ကိုလာပြီးမှ အမှားတွေ လျှောက်မဖြစ်ရအောင် တို့တာဝန်ရှိတယ်။ မင်းတို့ကျေးဇူး တို့ အပေါ်မှာရှိတယ်။ မင်းကို တတ်နိုင်သလောက် စောင့်ရှောက်ရမှာပဲ"

တင်အောင်က လက်မှနာရီကို စောင်း၍ ကြည့်လိုက်သည်။ ရထားချိန် နီးနေပြီ။

mgyoe.com

mgyoe.com


"နောက်မှ လာပါဦးမယ် ... ဦးလေးထွန်း၊ ကျွန်တော် အမှားကိုသိလို့ ရှေ့ဆက်မမှားရအောင် ထိန်းသိမ်းနိုင်ပါပြီ၊ ဒီရထားနဲ့ပဲ သွားတော့မယ်'

"ကဲ ဘယ်သွားမလဲ ... ပြောစမ်း၊ မင်း မှားလာတာတွေက မမလို သားကို သူမတူအောင်ချစ်တဲ့ အမေတစ်ယောက်လုံးက စွန့်လွှတ်လိုက်ရ အောင် ဘာတွေ လုပ်ခဲ့သလဲဆိုတာ ငါဘာမှ မသိသေးဘူး"

သြော်–ဦးလေးထွန်းနဲ့ စကားပြောရတာ ကြာလေ ခက်လေပါပဲလား။ မရေမရာ လုပ်ခဲ့တာတွေ၊ ရေရေရာရာ လုပ်ခဲ့တာတွေပါ ဇာတ်စုံခင်းပြရမလို ဖြစ်နေပါပြီဟု တင်အောင် စိတ်အပျက်ကြီး ပျက်သွားသည်။

ဦးလေးထွန်းအိမ်ကို ပြန်လိုက်ဖို့ စိတ်မှာ ဝေးသထက် ဝေးသွားပြီး၊ နောက်ကြောင်းတွေ မေးမှာစိုး၍ အလည်အပတ်လောက် လာဖို့ပင် စိတ်မရှိ တော့။ သူ့နောက်ကြောင်းတွေကို ပြန်ပြောဖို့ နေနေသာသာ အတွေးနှင့်ပင် စိတ်တွေယောက်ယက်ဆန်ပြီး ဝမ်းနည်းသလား၊ ဝမ်းသာသလား၊ လွမ်းတာ လား၊ ဆွေးတာလား၊ စိတ်နာတာလား၊ ဒေါသဖြစ်တာလား သူ ဝေခွဲ၍မရ။ သူ့ကို ဒီအကြောင်းနှင့် စပ်ဆိုင်၍ မေးမှာကို အလွန်စိုးသည်။

အသိတွေနဲ့ မတွေ့ချင်၍ အသိတွေ အများကြီးကို သူ အလွတ် ပြေးလာခဲ့သည်။ ဦးထွန်းတို့ထံသို့ သူ့ဘဝအတွက် လမ်းစ တွေ့လို့တွေ့ငြား သူလာခဲ့သည်။ ဒီအကြောင်းကို မမေးခင် သူ အမြန်ဆုံး လစ်လာခဲ့သည်။ မလွတ်သေး ... လမ်းမှာ လိုက်မေးနေပြန်သည်။

"ကိုဘမောင်တို့ တောရွာကလေးပဲ ကောင်းတယ်၊ ငါ့ကို ဘယ်သူမှ မမေးကြဘူး။ ငါ့ဘာသာငါ မေ့မေ့ပျောက်ပျောက် နေရရင် တစ်နည်း စိတ် ချမ်းသာစရာ ဖြစ်တာပဲ။ ကိုဘမောင်ကလည်း ကျောင်းပိတ်လို့ လာတာ ထင်နေတယ်။ ရယ်စရာဘယ်လောက် ကောင်းသလဲလို့– ခုမှ တပို့တွဲ၊ ဇန်နဝါရီ လပဲ ရှိသေးတယ်၊ စာမေးပွဲတောင် မလုပ်သေးဘူး။ သူတို့ကတော့ နွေမှာ ကျောင်းပိတ်တယ်ဆိုတော့ လှည်းလမ်းပေါက်ရင် နွေပဲကို။ ဒီတော့ ကျောင်း ပိတ်ပြီ ထင်မှာပေါ့၊ ဒါပဲကောင်းတယ် ... တောသားတွေပဲ ရိုးတယ်၊ ဘာဘာ ညာညာ စပ်စုမနေဘူး" တင်အောင် တွေး၍ ငေးနေလိုက်သည်။

"မသိချင်ပါနဲ့တော့ ဦးလေးထွန်းရယ် ... စွန့်လွှတ်ရလောက်အောင် အပြစ်ရှိလို့ပဲ ဆိုပါတော့၊ ရထားနိုးပြီ ... ကျွန်တော့်ကို ခွင့်ပြုပါ" ဟု တင်အောင် က ခြေလှမ်း၍ သွားစ ပြုလိုက်သည်။

mgyoe.com

mgyoe.com

"ကဲ ငါ တားလို့ မရရင် သွားတော့၊ ဘယ်ကိုသွားမလဲ ပြော"

"နတ်တလင်းကို သွားမယ် ဦးလေး"

ရထားက တရှူးရှူးနှင့် ဝင်လာပြီ။ တင်အောင်က ဆိုက်ကား တစ်စီးပေါ်သို့ ခပ်မြန်မြန် တက်လိုက်ပြီး "စိတ်ချပါ ဦးလေး ... ဟိုမှာ ကျွန်တော့်မိတ်ဆွေတွေ ရှိပါတယ်" ဟု လှမ်း၍ ပြောလိုက်သည်။

ဦးထွန်းက တစ်ခုခုကို သတိရသလို လက်ဝါးကို မြှောက်၍ "ခဏ ခဏ" ဟု ပြောပြီး အပြေးလိုက်လာသည်။ "ကဲ–သွားတော့" ဟု တင်အောင် ပေါင်ပေါ်သို့ စက္ကူတစ်ခု ပစ်တင်ပြီးမှ ဆိုက်ကားပေါ်သို့ တက်၍ ထွက်သွား လေသည်။

တင်အောင်သည် ကြောင်၍ ကြည့်နေပြီးမှ စက္ကူကိုကောက်၍ ကြည့် ရာ တစ်ရာတန် စက္ကူတစ်ချပ် ဖြစ်နေသည်။ သက်ပြင်းတစ်ချက် ရှိုက်လိုက်မိ ပြီး ဦးထွန်းဆီသို့ လှမ်းကြည့်လိုက်သည်။ သူတို့ ဆိုက်ကားမှာ လမ်းချိုး ကလေး တစ်ခုသို့ ကွေ့ဝင်သွားလေသည်။ ဘူတာတွင်းသို့ ဝင်မိလျှင် မီး ရထားမှ ဥသြပေးပြီဖြစ်၍ ကပျာကယာ လက်မှတ်ခံပြီး ပြေးထွက်လာရ သည်။ ရထားမှာ တရွေ့ရွေ့ ထွက်သွားနေသည်နှင့် မီရာ ရထားတွဲပေါ်သို့ ခပ်သွက်သွက် တက်လိုက်ပြီး ထောင့်တစ်ခုတွင် နေရာယူ၍ ခပ်လှဲလှဲမှီရင်း ဦးထွန်း ပေးသော ငွေစက္ကူကိုဆုပ်ကိုင်ကာ စိတ်မောသလို ဖြစ်နေသည်။

ဗိုလ်ချုပ်အောင်ဆန်း သီချင်းကို စည်းကလေး တချွင်ချွင်နှင့် တောင်း နေသော သူတောင်းစား တစ်ယောက်အား လူကြီးတစ်ယောက်က စက်ဆုပ် သော မျက်နှာနှင့် "ခြေလက် သန်သန်မာမာ ရှိရက်နဲ့များ ရေသာခိုပြီး တောင်းစားရသလားကွ၊ ဒါမျိုး ငါမသနားဘူး၊ သွား" ဟု ခပ်ငေါက်ငေါက် အော်ပစ်လိုက်သည်။ တင်အောင်သည် မှိန်းနေရာမှ မြင်လိုက်၊ ကြားလိုက် ရသည်။ သူ့တွင် အတွေးတစ်ခု ဝင်လာပြန်ပြီ။

သူ့တစ်သက်နှင့် တစ်ကိုယ် သူတစ်ပါး၏ ထောက်ပံ့မှုကို ဘယ်အခါ ကမှ မခံခဲ့ရ၊ ဘယ်ကိစ္စ မဆို သူကသာ ထောက်ပံ့ခဲ့သည်။ ခြေလက် သန်သန် မာမာရှိတဲ့ ယောကျ်ားတစ်ယောက်ကို သူတစ်ပါးက သနားသဖြင့် ထောက်ပံ့ လိုက်တဲ့ ငွေတစ်ရာမှာ သူ့လက်ထဲတွင် ကိုင်လျက်သားရှိသည်။

"ဟို ... သူတောင်းစားနဲ့ သူနဲ့ ဘာခြားသေးသလဲ၊ သီချင်းဆို မတောင်း တာ တစ်ခုပဲရှိတယ်" တင်အောင်က သူ့ကိုယ်သူ သူတောင်းစားနှင့် နှိုင်း

mgyoe.com

ကြည့်သည်။ စုတ်ပြတ်ညစ်ထည်းသော အဝတ်အစားနှင့် တောက်ပ ပြောင်လက်သော အဝတ်အစား ... သိသိကလေးပဲ ကွာနေသည်။ ရေသာခို၍ မိဘပစ္စည်းကို ဖိမ်အမျိုးမျိုးခံပြီး စားခဲ့သည်။ ခရီးသည်ကြီးက ဒါမျိုး မသနားဘူးတဲ့၊ သနားစရာ ဘယ်မှာရှိပါ့မလဲ။

"သူများလို လုပ်ကိုင်စားပေါ့၊ အခု သူဌေး အခေါ်ခံတဲ့ လူတွေကော သူလို လက်နှစ်ဖက် ခြေနှစ်ချောင်းနဲ့ပဲ မဟုတ်လား။ လုပ်ပေါ့၊ ဘယ်အလုပ်မဆို ... ယောကျ်ားပဲ၊ လူဖြစ်လာမှဖြင့် ဖွဲနဲ့ သတ္တိကို ဘယ်တော့မှ မလျှော့နဲ့" ခရီးသည်ကြီး၏အသံ နောက်ထပ်၍ ကြားရပြန်သည်။

ဒါကတော့ တတ်အပ်သေချာ မပြောနိုင်။ လုပ်နိုင်ပေမဲ့၊ လုပ်ချင်ပေမဲ့ အလုပ်နှင့် အဆင်မသင့်အောင် ဖြစ်ချင်ဖြစ်နေမည်။ ကျောင်းမှ အတန်းစာကို အချိန်နှင့် ငွေနှင့် စက်၍ လဲလှယ်ဝယ်ယူနိုင်မှ ရသော ခေတ်သမယတွေက သူတို့တစ်တွေ ပညာသင်ခဲ့ဖို့ စိတ်ကူးမှ ထည့်ရနိုင်ဟန်မတူ။ စီးပွားရေး အားဖြင့် သက်ခိုးရှိုက်ကာ အသက်ယှဲ့ယှဲ့ကလေး ဖြစ်နေရှာသော မြန်မာပြည် ဝယ် စက်မှုလက်မှုပညာ ဆိုတာလည်း အဘယ်မျှ ထွန်းကားသေးပါသနည်း။ ခေတ်အခါကရော ထမင်းတစ်လုတ် ဖြောင့်ဖြောင့် စားရဖို့မှ လုပ်ကိုင်နိုင်အောင် ငြိမ်သက်အေးချမ်းပါရဲ့လား။

သူ့အဖို့မှာသာ ဒီစကားက တိုက်ရိုက် သက်ဆိုင်နေပြီ ထင်သည်။ သူ့အတွက် သူ့မေမေက အချိန်နှင့် ငွေကို ရက်ရောစွာ အကုန်အကျခံ၍ ကျောင်းထားပေးသည်။ ဥပစာတန်း ပထမနှစ်တွင် ချောချောမောမောပင် အောင်မြင်ခဲ့သော်လည်း ဒုတိယနှစ်မှာ သူ အသုံးမကျ လုပ်ခဲ့သည့် အလုပ်တွေကြောင့် စာမေးပွဲရှုံးသည်။ နောက်တစ်နှစ် ဆက်နေရသည့် အတွင်းမှာပင် သူ ဆင်ခြင်ရကောင်းမှန်း မသိသေး။ တေလို့ပေလို့ ကောင်းနေဆဲမှာ ယခုလို အရေးတော်ပုံပေါ်၍ အိမ်ပြေးဘဝ ရောက်ခဲ့သည်။

ဦးလေးဖေ၏သား ကိုကိုကြီး ဆိုလျှင် ဘီအေ ဒီဂရီရပြီးမှ ကုမ္ပဏီတွင် လုပ်သည်။ ကိုကိုလေးကတော့ တက္ကသိုလ်ဝင် အောင်ရုံမျှနှင့်ပင် အလုပ်ဝင်သည်။ ယခုအခါမှာ ဆိုလျှင် နှစ်ယောက်လုံးပင် ကုမ္ပဏီ လုပ်ငန်းမှန်သမျှကို ကျွမ်းကျင် နားလည်ကာ ဦးစီး အုပ်ချုပ်နိုင်ခဲ့ပြီ။

သူ့အဖို့တော့ အလုပ်မလုပ်လိုသေးဆို၍ အလိုလိုက်ကာ ကျောင်းထားပေးရသည်။ ကျောင်းပညာရော၊ ကုမ္ပဏီလုပ်ငန်း ပညာပါ ဘာတစ်ခုမှ

mgyoe.com

mgyee.com

ပြောစမှတ်ရအောင် မတတ်။ အကယ်၍သာ လူကြီးမိဘ လုပ်သူတို့ မျက်နှာလွှဲ၍ တိမ်းပါးသွားပါလျှင် သူ့လို ပုံမျိုးနှင့်တော့ ကုမ္ပဏီလုပ်ငန်း တစ်ခုလုံး ပျက်စီးရဖို့သာ ရှိတော့သည်။ အင်း ... ဒါကြောင့်ပဲ အမွေ မခံထိုက်ဘူးဆိုပြီး စွန့်လွှတ်လိုက်တာ ထင်ပါရဲ့ ...။

ဒီနေရာမှာ တရုတ်၊ ကုလား လူမျိုးခြားတွေက အများကြီးသာသည်။ မိဘတွေကလည်း စီးပွားရေး လုပ်ငန်းမှာ လာဘ်မြင်သည်။ စီးပွားရေးပညာကို ကျောင်းပညာထက် အချိန်ပေးသည်၊ ဂရုစိုက်သည်။ သားသမီးများကလည်း မိဘများ ချမှတ်ပေးသော စည်းကမ်းကို (အများအားဖြင့်) ရိုသေကျိုးနွံကြသည်။ ဒါ့ကြောင့်လည်း လုပ်ငန်းတစ်ခုဆိုလျှင် သားစဉ်မြေးဆက် အဓွန့်ရှည်ကြာ တည်ထွန်း ကြီးပွားကြသည်။ မြန်မာများမှာတော့ စီးပွားရေးတွင် တိုင်းတစ်ပါးနှင့် ယှဉ်ပြိုင်နိုင်ရန် ဝေးလှသေးသည်။ ဓနရှင် အခေါ်ခံထိုက်သူပင် မည်မျှလောက် ရှားပါးပါသနည်း။

"သြော် ... အခြေအနေက အခွင့်အရေး မပေးခဲ့တဲ့ သူတောင်းစားကြီးထက် အခြေအနေက ပေးအပ်လာတဲ့ အခွင့်အရေးကို မိုက်မိုက်မဲမဲ ရှောင်လွှဲခဲ့တဲ့ ငါက ရှက်စရာ ကောင်းနေပါပေါ့လား ..."

မှန်ပေသည်။ သူ့အတွေးမှ မဆုံးသေး။ "ဒါကတော့ စေတနာအလျောက်ပဗျာ။ ကျွန်တော်တို့တစ်တွေက သူတစ်ပါးရဲ့ စေတနာကို မှီခိုပြီး စားသောက်ရတာဆိုတော့ စေတနာရှိကြမှပဲ စားရမှာပေါ့။ အလုပ်အကိုင်ဆိုတာကတော့ ကျွန်တော့်အဖို့မှာ မြေကြီးရှိရင် စားရပါတယ်။ လယ်လုပ်ရမလား၊ ယာလုပ်ရမလား၊ ကိုင်းခုတ်ရမလား၊ ဥယျာဉ်စိုက်ရမလား၊ လုပ်နိုင်တာချည်းပါပဲ။ ဒို့ပြင် အလုပ်ဆိုလည်း အလုပ်ကြမ်းထဲကတော့ စမ်းဖူးတာချည်းပါ။ မြေကြီးကို ဖက်ပြီး အသက် အသေမခံဝံ့တော့လည်း ကိုယ့်အရပ်ကို စွန့်ခွာလာရတာ ရန်ကုန်မှာချည်း ၄ နှစ် ကြာခဲ့ပြီ။ ရန်ကုန်မှာဆို ဆိုက်ကားအငှားနင်း၊ ကူလီလုပ်၊ ရေထမ်း၊ ချယ်ဂါရီဆွဲ၊ လက်သမားလုပ်၊ ဒါ့ထက် စုံအောင် လုပ်နိုင်ရဦးမှာလား။ ရပါတယ်၊ ပိုက်ဆံလည်း တစ်နေ့ ၄–၅ ကျပ် စီတာပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ အရွယ်မရောက်သေးတဲ့ ကလေးချည်း ငါးယောက်၊ မိန်းမကလည်း အမြဲတမ်း မမာနေဘူး။ ဘယ်လိုလုပ် စားလောက်မလဲ။ ဟင်းရွက်ကအစ တောမှာလို သွားခူးလိုက်ရုံနဲ့ ပြီးတာ မဟုတ်ဘူး၊ ဝယ်မှ စားရတာ။ ဘေးရန် ကြောက်လို့သာပေါ့ဗျာ၊ တောမှာ ဆင်းရဲရတာ

mgyee.com

ကမှ မြေကြီးကို ကျယ်ကျယ် နင်းရသေးတာ၊ ရန်ကုန်လို မြို့ကြီးပြကြီးမှာ ဆင်းရဲရတာက မြေကြီးတောင် လွတ်လွတ်ကျွတ်ကျွတ် ခြေမဆန့်သာဘူး။ ဒါလောက် ဆင်းရဲလှလို့လည်း ကျွန်တော် ခုလိုဘဝ ရောက်တာဗျို့။ ပြော သမျှ ဆိုသမျှ ခံပြီး သူတစ်ပါးရဲ့ ခြေဖဝါးအောက်မှာနေရတဲ့ ဘဝကို စုံမက် လွန်းလို့တော့ မဟုတ်ပါဘူး။ ကျွန်တော်က စကားလည်း မတတ်ပါဘူး။ မှန်သလောက်ကို ပြောပြတာပါ"

ဟုတ်ပေလိမ့်မည်။ ထိုစကားရပ်များမှာ သူ့ဘဝက သူ့ကို သင်ပေး သော စကားများသာ ဖြစ်ဟန်တူသည်။ တင်အောင်က သူတောင်းစားကို စိတ်ဝင်စားစွာ ကြည့်မိသည်။ ရုပ်ရည်မှာ ခေလှသည်မဟုတ်၊ ရွက်ကြမ်း ရေကျိုတော့ ခေါ်နိုင်လောက်သည်။ အသက်မှာ (၃၀) ကျော် (၄၀) နီးပါးခန့် ရှိလိမ့်မည်။ ဆံပင်တွေရှည်၍ ညှဥ်းဆိုးဆိုး ဖြစ်နေသော ဗိုလ်ကေမှာ နီကြန် ပွရောင်းနေသည်။

ပေကျံ မည်းညစ်သော လွယ်အိတ်စုတ်တစ်လုံး၊ ပိုက်ဆံခံသော သံ ဇလုံ တစ်ခု၊ သီချင်းဆိုရန် စည်း၊ သူ့ပစ္စည်း ကိရိယာကလည်း ဒါပဲ ဖြစ်သည်။

"ထွီ ... သူတောင်းစားက ကိုယ်အသုံးမကျ၊ မကျဘူး ပြောတာ မဟုတ်ဘူး။ ဟော့ ငါက ပိုက်ဆံနမြောလို့ ပြောတာ မဟုတ်ဘူးဟေ့–ရော့"

ခရီးသည်ကြီးက စူအောင့်အောင့်နှင့် ပစ်ပေးလိုက်သော ပဲ့စေ့ကလေး ၄ ခုသည် သူတောင်းစားကြီး ကိုင်ထားသော ခွက်ထဲသို့ မရောက်ဘဲ ခြေထောက်နားမှာ အဖွေးသား ပြန့်ကြဲနေသည်။ သူတောင်းစားသည် ပိုက်ဆံ ကလေးများကို ငုံ့၍မှ မကြည့်ဘဲ မှော်ဇာဘူတာ ရောက်၍ အရှိန်သတ်စ ပြုနေသော ရထားတွဲပေါ်မှ တံခါးရွက်ကို ဖက်တွယ် အားပြုကာ ဆင်းသွား လေသည်။

"အံမာ ... ခွေးမသား သူတောင်းစား၊ လူပါးဝလို့ ပေးတာကို မယူ ဘူး။ လူမမှတ် သူမမှတ် လုပ်သွားတာပေါ့၊ ငါ တယ် ... ရထား ကြာကြာမရပ် လို့ ဆင်းရှာပြီး အကြောင်းပြလိုက်ချင်တယ်။ ငါ့ကို ဘယ်လိုလူစား မှတ်လို့ ပါလိမ့်"

ခရီးသည်ကြီးက ဒေါပွ၍ ရှူးရှူးရှားရှား ဖြစ်နေသည်။ သူတောင်းစား က ကောက်ယူမသွားသော သူ့ပိုက်ဆံ ပဲ့စေ့ကလေးတွေကို တစ်ခုပြီးတစ်ခု အပေါက်မှ ခြေထောက်နှင့် လျှော၍ တိုက်ချပစ်လိုက်သည်။

mgyoe.com

mgyoe.com

"ဂုဏ်အပျက်ခံလို့ သူတို့နဲ့ မတုဖက်ချင်ပါနဲ့ ဦးကြီးရယ်၊ ဒီလိုပေါ့ ခင်ဗျာ ... လူဆိုတာ အမျိုးမျိုး ရှိကြတာပေါ့။ တချို့ကျတော့လည်း တကယ်ပဲ မတတ်သာတဲ့ဘဝ ရောက်လို့ လုပ်ရရှာတာပါပဲ။ တချို့တော့လည်း အရ လွယ်တာနဲ့ အချောင်လိုက်ပြီး ရေသာခိုတာဗျာ၊ တချို့များ အရှက်မရှိအောင် ကို ရဲတင်းတယ်။ ခေတ်ကလည်း မကောင်း၊ စနစ်ကလည်း မကောင်းတော့ စိတ်ဓာတ်တွေကို ညှဲ့ဖျင်း သိမ်ငယ်နေကြတာပါပဲဗျာ" ဟု အနီးမှ လူရွယ် တစ်ဦးက ဖျန်ဖြေ နှစ်သိမ့်လိုက်သည်။

တင်အောင်က မတ်မတ် ထိုင်လိုက်ပြီး လက်ထဲမှ ရာတန် စက္ကူကို ဖြန့်လျက် ဖောင်တိန်ဖြုတ်၍ "တပို့တွဲလဆုတ် ၁၀ ရက်၊ ဦးလေးထွန်း" ဟု သတိတရ ရေးမှတ်ထားလိုက်ပြီးမှ အတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။ ထိုနောက် တစ်ဖက်အိတ်ထဲမှ ငွေစက္ကူခေါက်ကို ထုတ်ယူလိုက်သည်။ တစ်ဆယ် တန်တွေ ခပ်များများကလေး တွေ့ရသည်။ ငွေကို အိတ်ထဲ ပြန်ထည့်ပြီး မှိန်းနေလိုက်ပြန်သည်။ သို့နှင့် ရထားမှာ နတ်တလင်း ဘူတာသို့ ဝင်လာ သည်။ တင်အောင်သည် မှိန်းနေရာမှ ထ ၍ ရထားပေါ်မှ ဆင်းခဲ့လေသည်။ ထိုနောက် ဝမ်းထဲမှ ဟာလာ၍ ရှပ်ဆိုင်တစ်ခုသို့ဝင်ပြီး လက်ဖက်ရည် မှာ သောက်နေသည်။

သက္ကလတ်အကျႌ နက်ပြာရောင်မှာ ဖုန်တွေ ဝင်နေ၍ ကျောဘက်တွင် ဖြူရော်ရော် ရှိနေသည်ကို ဝတ်လျက် လည်ပတ် အညိုခံအဖြူစင်းကို ခေါင်း တွင်ပတ်၍ နွားမောင်း ကြိမ်လုံးကို လက်မှာ ကိုင်ပြီး ရှပ်ဆိုင်ထဲသို့ ဝင်လာ သော စိုးတင်က တင်အောင်ကိုမြင်လျှင် "ဟာ ... ကိုတင်အောင်၊ ဘယ့်နှယ် ... ပြည်က ပြန်လာသလား" ဟု တင်အောင် ထိုင်သော စားပွဲမှ ကုလားထိုင် တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဩော် ... ကိုစိုးတင်၊ ဟုတ်ကဲ့ ... ပြည်က အခုရထားနဲ့ပဲ ပြန်လာ ပါတယ်"

"ရွာပြန်လိုက်ခဲ့ဦးဗျာ ... ကျွန်တော်တို့ကဖြင့် ခင်ဗျား ပြန်လာမှာ မဟုတ်ဘူးလို့ ထင်နေတာ"

"ပြည်မှာဆိုလည်း လူတွေဟာ စီးပွားရေး လုပ်နေကြတာ နေ့မအား ညမအားပဲဗျာ၊ ကျွန်တော်ကတော့ လူအားပဲ၊ ဧည့်သည်လုပ်ရမှာ ပျင်းစရာ ကြီးဗျာ။ နို့-ခင်ဗျား ရွာ ဘယ်အချိန် ပြန်မှာလဲ"

mgyoe.com